# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၄)

## နိုင်ငံတော်နှင့်တပ်မတော် အားထားလောက်သော သားကောင်းရတနာများဖြစ်အောင် ကြိုးစား အမျိုးသားညီလာခံကြီး ပျက်ပြားအောင် အဖျက်အမှောင့်သမားများက ထိုးနှက်လျက်ရှိ

## စစ်ရေးသတိကြီးစွာဖြင့် အဖျက်ရန်မှန်သမျှ ပြည်သူနှင့်လက်တွဲပြီး တွန်းလှန်ချေမှုန်း တပ်မတော်၊ အစိုးရနှင့်ပြည်သူ လက်တွဲညီညီဖြင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်တည်ဆောက်

**ရန်ကုန် ဧပြီ ၁၁**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများ၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

## တပ်မတော်(ကြည်း)ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)သင်တန်းဆင်း မိန့်ခွန်းပြောကြား

**ရန်ကုန် ဧပြီ ၁၁**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✡

**နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

# မြန်မာ-ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရှင်သန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူပြည်သားများ၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ တိုးတက်ရရှိ ခံစားနေရသည်ကို တွေ့မြင်နေရပေသည်။

နိုင်ငံတော်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ဗဟိုမှချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်လျက် ရှိသည်။ အထူးသဖြင့် ပို့ကုန်၊ သွင်းကုန်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်များ ချထားပေးသည်။

ယင်းကဲ့သို့ စီးပွားရေးအခြေခံတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ လူမှုရေးအခြေခံ အဆောက်အအုံများလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံရေးကဏ္ဍ၌လည်း ညင်သာစွာ အသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံခြားရေးကဏ္ဍတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရာ၌ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရှင်သန်တိုးတက်စေရန် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဧပြီလ ၇ရက်နေ့က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတနန်းတော် ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luongနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက-

**"ပြည်တွင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုသည် အရေးကြီးသည်ဟု ခံယူပါကြောင်း၊ ပြည်ပမှ နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးနေခြင်း မပြုလျှင် တိုးတက်မှု မြန်ဆန်လာမည် ဖြစ်ပါကြောင်း၊ တစ်ဖက်မှ မိတ်ဆွေရင်း ဗီယက်နမ်နိုင်ငံကဲ့သို့ နိုင်ငံများက မိမိတို့နိုင်ငံအပေါ် နားလည်မှုထားရှိပါကြောင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း"**

ပြောကြားသွားခဲ့သည်။

ဆက်လက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luongက-

**"ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာနိုင်ငံကို ဗီယက်နမ်နိုင်ငံက ထောက်ခံမှု ပေးခဲ့ပါကြောင်း၊ အထူးသဖြင့် အာဆီယံဝင်ရောက်ရေးနှင့် ယမန်နှစ်က ကျင်းပခဲ့သော အေဆမ်ထိပ်သီး ညီလာခံတွင် ဝင်ရောက်နိုင်ရေးတို့ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်လျက် ဒီမိုကရေစီ ဖော်ဆောင်နေသည်မှာ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း"**

ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် တူညီသည့် သမိုင်းကြောင်းနောက်ခံများရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှုခရီးစဉ်များဖြင့် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာများရှိသည်။ ယင်းခရီးစဉ်များတွင် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏသည် ၂၀၀၃ခုနှစ်တွင် ၂၀၀၂ခုနှစ်ကထက် သုံးဆနီးပါးခန့် တိုးတက်ခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ဆက်လက်တိုးတက်ခဲ့ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဆွေးနွေးမှုများသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရှင်သန် တိုးတက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၂-၄-၂၀၀၅**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာသင်္ကြန်
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုရအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Keynesion Policy Applied to the Economy. (ဒုတိယနှစ်-ပြည်သူ့ရေးရာ)
- ၅:၃၀ ၉။ မြန်မာသင်္ကြန်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာသင်္ကြန်
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၅)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ကျန်းမာသုတအစီအစဉ်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူ့ရဲကောင်း"** (အပိုင်း-၂)

**မတ် ၂၇ရက်က သဃ်န်းကျွန်းမြို့နယ် အမက(၂၉)တွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်က စတုတ္ထတန်းကျောင်းသား မောင်တာရာအောင်မွန်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။** (မြန်မာ့အလင်း)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရေးနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပရေးဦးစီးကော်မတီ စည်းဝေး

ရန်ကုန် ဧပြီ ၁၁

**အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာလက်မှုပစ္စည်းများဆိုင်ရာ ခင်းကျင်းပြသရေးနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပရေး ဦးစီးကော်မတီအစည်းအဝေးကို ဧပြီ၈ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။(အပေါ်ပုံ)**

### အမှာစကားပြော

ရှေးဦးစွာ အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတ နိုင်ငံတို့၏ ရိုးရာလက်မှုပစ္စည်းများဆိုင်ရာ ခင်းကျင်းပြသရေးနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက ပြပွဲခင်းကျင်းပြသရေးစီမံချက်ပါဆုံးဖြတ်ရန် အချက်များကိုရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများက ပြပွဲတွင်သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပါဝင်ဆောင်ရွက်သွားမည့်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ခုနစ်ရက် တရားစခန်း

**ရန်ကုန် ဧပြီ ၁၁**

မော်လမြိုင်မြို့ လယ်တီဆရာတော်ဘုရားကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ခွဲက ဧပြီ၁၂ရက်မှ ၁၈ရက်အထိ မုပ္ပွန်ရပ်၊ ကျိုက်ခတ်သုတ် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်ရှိ ဓမ္မဗိမာန်တွင် (၁၆)ကြိမ်မြောက် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများနှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌဦးတင်ဦး အမှတ် ၁၄၅၊ ရာဇာ ဓိရာဇ်လမ်း မြိုင်သာယာနှင့် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့် ဖုန်း-၀၅၇-၂၂၈၉၉တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ရွှေပြည်ဟင်္သာ ဓိဝိတဒါန

**ရန်ကုန် ဧပြီ ၁၁**

ရန်ကင်း၊ ပြည်သာယာ ရွှေပြည်ဟင်္သာကျောင်း၌ ဖွင့်လှစ်ထားသော ဓိဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်း၌ လူမျိုးဘာသာမရွေး ဝေဒနာရှင်များ၏ လိုအပ်သော ဆေးအတွက်အလှူရှင်များက ပံ့ပိုးလှူဒါန်းလျက်ရှိကြရာ လသာမြို့နယ် ၂၄လမ်း၊ အမှတ် ၂၆နေ မနီနီမြင့်က ကျပ်ရှစ်သောင်း တန်ဖိုးရှိ ဆေးမျိုးစုံနှင့် အလှူတော်ငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ ၁၃၃လမ်း၊ အမှတ် ၅၃နေ ကျားပုန်းဆေးတိုက် ကိုယ်စားလှယ် ဒေါ်မေကြည်ကို အမှူးထား၍ မြေးဇော်မြင့်မြတ်မိုး၊ ဇော်ထက်မြတ်မိုး၊ ဇော်အေးမြတ်မိုး တို့က ကျပ်ငါးသောင်းတန်ဖိုးရှိ ဆေးမျိုးစုံကိုလည်းကောင်း ရွှေပြည်ဟင်္သာဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

### လှူဒါန်းနိုင်

အလှူရှင်များ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း- ၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# တပ်မတော်အစိုးရသည် ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေမှုဖူလုံရေး အားသွန်ခွန်စိုက်ဆောင်ရွက် တိုင်းရင်းသားများအပေါ် စေတနာအပြည့်ထားပြီး ဒေသဆန့်ဖူလုံရေး ကြိုးပမ်းလျက်ရှိ

■ **ရှေ့ဖုံးမှ**

**ရဲဘော်တို့-**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)သင်တန်းဆင်းပွဲအခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ အခြားအဆင့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြရာမှာ စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ခြင်း၊ ကြိုးစားအားထုတ်မှုကောင်းမွန်ခြင်း၊ သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီခြင်းတို့ကြောင့် တပ်မတော်ရဲ့ ချီးမြှင့်မှုတစ်ရပ်အနေနဲ့ ဗိုလ်လောင်းသင်တန်းကို တက်ရောက်ခွင့်ရခဲ့ကြတယ်။ ယနေ့ဆိုရင် သင်တန်းပြီးဆုံးလို့ ပြန်တမ်းဝင်အရာရှိများအဖြစ်ခန့်အပ်ခြင်းကို ခံယူကြရတော့မှာဖြစ်တယ်။

**ရဲဘော်တို့-**

တို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူကြားက ပေါက်ဖွားခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်ဖွဲ့စည်းတည်ထောင်ချိန်ကစပြီး မွန်မြတ်တဲ့အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းအမွေခံပြီး သယ်ဆောင်လာခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ်ကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် မိမိရဲ့အသက်ကိုပင် စွန့်လွှတ်နိုင်စွမ်းရှိခြင်းဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ဂုဏ်ရည်ဖြစ်တယ်။ စွန့်လွှတ်နိုင်စွမ်းကြောင့်လဲ ရဲဝံ့စွန့်စားခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်း၊ ဖွဲ့လုံ့လဝီရိယရှိခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်းစတဲ့ ဗီဇသတ္တိတွေဖြစ်ပေါ်လာခဲ့တယ်။ ထို့အတူပဲ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်နဲ့ ဆက်လက်တည်ဆောက်လာတာကြောင့်လဲ စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းနဲ့ စွမ်းရည်ရှိခြင်းစတဲ့ အရည်အချင်းတွေနဲ့ပြည့်ဝတဲ့ တပ်မတော်အဖြစ် တောင့်တင်းခိုင်မာလာခဲ့တယ်။ ဒါကြောင့်လဲ တပ်မတော်ဟာ ပြည်သူတွေရဲ့ချစ်ခင်လေးစားအားထားမှုကိုရရှိခဲ့တာပဲဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ(၁၂)ရပ်ကို ဆက်လက်သယ်ပိုးကြရမယ့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးအပ်ခြင်းခံကြရမှာဖြစ်တယ်။

**ရဲဘော်တို့-**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ အခြေခံအားဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့ မဖြစ်မနေပြည့်စုံဖို့လိုအပ်တယ်။ ခေါင်းဆောင်ဆိုတာ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ကွပ်ကဲပြီး ရည်မှန်းချက်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရမှာဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ဟာ မိမိကိုယ်မိမိ သိရမယ်။ အစဉ်သဖြင့် ဖြည့်ဆည်းရမယ်။ ထို့အတူပဲ လက်အောက်ငယ်သားများနဲ့အမြဲထိတွေ့ပြီး ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးနဲ့ပြည့်စုံအောင် လေ့ကျင့်ပေးရမယ်။ ခေါင်းဆောင်မှုမှာ စနစ်ရှိတယ်။ ဥပဒေသရှိတယ်။ လုပ်ငန်းတွေကို ဦးစားပေးအဆင့် သတ်မှတ်နိုင်ရမယ်။ လက်အောက်ကို မှန်ကန်စွာအာဏာခွဲဝေပေးတတ်သလို သူတို့ရဲ့ အကြံဉာဏ်နဲ့ အတွေ့အကြုံတွေကိုလဲ ရယူရမယ်။ စစ်ရေးသုံးသပ်ပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိရမယ်။ တိကျပြတ်သားတဲ့အမိန့်ကို ပေးတတ်သလို လက်အောက်ငယ်သားတွေက အသိစိတ်ဓာတ်နဲ့ စွမ်းစွမ်းတမံဆောင်ရွက်ကြအောင်လဲ ဆွဲဆောင်နိုင်စွမ်းရှိရမယ်။ စေ့စပ်သေချာစွာ စီမံမှုနဲ့ ကြီးကြပ်ကွပ်ကဲမှုတို့ဟာ ဟန်ချက်ညီရမယ်။ ထို့အတူပဲ မျှော်မှန်းထားနိုင်ခြင်းမရှိတဲ့ အခြေအနေတွေ၊ အကျပ်အတည်း အခက်အခဲ တွေနဲ့ ကြုံတွေ့လာရင်လဲ ရင်ဆိုင်ကျော်လွှားနိုင်ရမယ်။

**ရဲဘော်တို့-**

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ စီမံခန့်ခွဲမှုကိုလဲ တတ်ကျွမ်းရမယ်။ စစ်ဘက်လုပ်ငန်းဆိုတာ စီမံချက်နဲ့ဆောင်ရွက်ရတာဖြစ်တယ်။ စီမံခန့်ခွဲမှုကောင်းမှ စီမံချက်တို့၊ စီမံကိန်းတို့ဟာ ရလဒ်ကောင်းတွေကို ဖော်ဆောင်မှာဖြစ်တယ်။ ခေါင်းဆောင်ငယ်များအတွက် စီမံခန့်ခွဲမှုနယ်ပယ်မှာ ရည်မှန်းချက်တာဝန်နဲ့ကိုက်ညီအောင် တပ်ကိုဖွဲ့စည်းခြင်း၊ လိုအပ်ရင် အထူးလက်နက်ပစ္စည်းကိရိယာများ တပ်ဆင်ပေးခြင်း၊ ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနဲ့ တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိခြင်း၊ ကွပ်ကဲမှုနှင့် ကြီးကြပ်မှုကောင်းခြင်း၊ အုပ်ချုပ်မှုဆိုင်ရာများကို အချိန်နဲ့တစ်ပြေးညီ ပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ခြင်းတို့ဟာ အခြေခံအချက်တွေပဲဖြစ်တယ်။ မိမိကွပ်ကဲရတဲ့တပ်ဖွဲ့ ကြီးမားလာမှုနဲ့ တာဝန်ကြီးမားလာမှုတို့ဟာ စီမံခန့်ခွဲမှုကိုလဲ မြင့်မားလာစေတဲ့အပြင် ခေတ်သစ်စစ်ပွဲရဲ့ လျှို့ဝှက်ဆန်းပြားတဲ့ သိပ္ပံပညာရပ်တွေကြောင့်လဲ စီမံခန့်ခွဲမှုနယ်ပယ်ဟာ ကျယ်ပြန့်လာတတ်တဲ့အတွက် စစ်ဘက်စီမံခန့်ခွဲမှုပညာကို ယခုကပင် စတင်လေ့လာသွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့ -**

ခေါင်းဆောင်မှုနဲ့ဆက်စပ်ပြီး စည်းကမ်းပိုင်းကို ပြောကြားလိုတယ်။ တို့လူမျိုးဟာ လူရယ်လို့ဖြစ်လာကတည်းက လူမှုကျင့်ဝတ်တွေနဲ့ ကြီးပြင်းလာတဲ့ လူမျိုးဖြစ်တယ်။ ကျင့်ဝတ်ဆိုတာ စည်းကမ်းရဲ့ မူလအရင်းအမြစ်ဖြစ်တယ်။ ဒါကြောင့် တို့လူမျိုးတွေဟာ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ ခေါင်းဆောင်ကိုမှ ချစ်ကြောက်ရိုသေတတ်တယ်။ **ခေါင်က မိုးမလုံရင် တံစက်မြိတ်လည်း မလုံနိုင်**ဆိုတာ တို့လူမျိုးရဲ့ဆိုရိုးဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ဟာ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ရမယ်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့အစည်းကို ခေါင်းဆောင်ရမယ့် ရဲဘော်တို့ဟာ စည်းကမ်းကို ပိုပြီး အလေးထားကြဖို့ မှာကြားလိုတယ်။

## မြဲမြံစွာစောင့်ထိန်း

ထို့အတူပဲ တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားတဲ့ အပါး ၆၀ သော စစ်သည်တော်ကျင့်ဝတ်များဟာ ရဲဘော်တို့ရဲ့ ကိုယ်ကျင့်သိက္ခာကို မြင့်မားစေမှာဖြစ်တယ်။ ဒီကျင့်ဝတ်တွေကြောင့်ပဲ တပ်မတော်ဆိုတာ တကယ့်ယောကျာ်းမြတ်ဖြစ်စေတဲ့ တရားတွေကိုသင်ကြားပေးနေတဲ့ ကျောင်းကြီးလို့ ခိုင်းနှိုင်းတင်စားသတ်မှတ်ခြင်း ခံရတာဖြစ်တယ်။ ဒါကြောင့် တပ်မတော်သားတိုင်းဟာ စစ်သည်တော်ကျင့်ဝတ်ကိုမြဲမြံစွာ စောင့်ထိန်းကြရမယ်။

**ရဲဘော်တို့-**

တပ်မတော်က နိုင်ငံတော်ကိုတာဝန်ယူလိုက်ရတဲ့ အချိန်ဟာ နိုင်ငံတော်မှာ အုပ်ချုပ်ရေးယန္တရားကြီးရပ်ဆိုင်းသွားပြီး တစ်နိုင်ငံလုံးမှာ စည်းမဲ့ကမ်းမဲ့ဖြစ်နေတဲ့ကာလဖြစ်တယ်။ ပြည်တွင်းပြည်ပ ပယောဂတွေကြောင့် အုပ်စုဖွဲ့အနိုင်ကျင့်ကာ ဒီမိုကရေစီလို့ အော်ဟစ်ပြီး မင်းမဲ့စရိုက်ကို ကျင့်သုံးနေတဲ့ အချိန်ဖြစ်တယ်။

## ကြီးမားတဲ့သင်ခန်းစာရ

မင်းမဲ့စရိုက်ရဲ့ဒဏ်ကို ထိတ်လန့်ဖွယ်ရာ ခံစားခဲ့ကြရတဲ့ တို့တစ်တွေဟာ ပြည်သူလူထု လိုလားတောင့်တတဲ့ ဒီမိုကရေစီအနှစ်သာရလဲရှိ၊ မင်းမဲ့စရိုက်ရဲ့ အန္တရာယ်နဲ့လဲ ကင်းဝေးတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးကြဖို့ ကြီးမားတဲ့ သင်ခန်းစာကိုရခဲ့ကြတယ်။ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ဖို့အတွက် တပ်မတော်ဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစွာပထမ ဆောင်ရွက်ခဲ့ရတယ်။

ထို့အတူပဲ နိုင်ငံတော်ရဲ့သမိုင်းကြောင်းကို ပြန်လည်သုံးသပ်တဲ့အခါ ပြည်ထောင်စု ပြိုကွဲမယ့်အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမယ့်အန္တရာယ်နဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးရမယ့် အန္တရာယ်တွေဟာ တို့နိုင်ငံကို အစဉ်အမြဲခြိမ်းခြောက်ခဲ့ကြောင်း တွေ့ရတယ်။ ဒီအန္တရာယ်တွေနဲ့ ကြုံတွေ့ရတိုင်း ပြည်သူနဲ့ တပ်မတော်လက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရတာဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဝါဒအဖြစ်သတ်မှတ်ပြီး ဦးထိပ်ပန်ဆင်ခဲ့ကြရတယ်။

**ရဲဘော်တို့-**

နိုင်ငံတော်မှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုတဲ့ ကဏ္ဍတိုင်းမှာ အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုကြီးတွေကို ပြုလုပ်ရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရဟာ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ စီးပွားရေး ဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေး ဦးတည်ချက်(၄)ရပ်စတဲ့ ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းစဉ်အဖြစ်ချမှတ်ကာ **အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်**တည်ဆောက်ရေးကို ရည်မှန်းဆောင်ရွက်ခဲ့တယ်။

## အမြင်လေးမြင်

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နဲ့ ကာကွယ်ရေးအမြင်စတဲ့ အမြင်လေးမြင်နဲ့ စီမံကိန်းတွေကို စနစ်တကျချမှတ် ဆောင်ရွက်ခဲ့တာဖြစ်တယ်။

နိုင်ငံရေးအမြင်အရ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အဓိကဦးစားပေးဆောင်ရွက်ခဲ့တာကြောင့် နှစ်ပေါင်း ၄၀ ကျော် လက်နက်ကိုင်ဆန့်ကျင်ခဲ့ကြတဲ့ အဖွဲ့အစည်း ၁၇ ဖွဲ့ဟာ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြတယ်။ တပ်မတော်အစိုးရနဲ့လက်တွဲပြီး နယ်မြေဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြတယ်။

## မတည်စိုက်ထုတ်

အစိုးရအနေနဲ့လဲ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။ ယနေ့အထိ နိုင်ငံတော်က ကျပ်သန်းပေါင်း ခြောက်သောင်းငါးထောင်ကျော် မတည်စိုက်ထုတ်ပြီး ဆောင်ရွက်ပေးတဲ့နည်းတူ နယ်မြေခံလူထုကလဲ တပ်မတော်နဲ့လက်တွဲပြီး ဥပဒေဘောင်အတွင်းက ကြိုးပမ်းခဲ့ကြတဲ့အတွက် နယ်စပ်ဒေသများနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နေ့ချင်းညချင်း ဖော်ဆောင်နိုင်ခဲ့တယ်။

**ရဲဘော်တို့-**

တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်ကို မလွှဲမရှောင်သာယူလိုက်ရတဲ့အချိန်မှာ နိုင်ငံတော်ဟာ ခေတ်နောက်ကျနေတဲ့အပြင် စီးပွားရေးအရပြိုလဲနေတဲ့အချိန်ဖြစ်တယ်။ ဒါကြောင့် တပ်မတော်ဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို တစ်ဖက်ကဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့စီးပွားရေးကို ပထမလေးနှစ် စီမံကိန်းနဲ့ နောက်ပိုင်း ငါးနှစ်စီမံကိန်းတွေ ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် တတိယကာလတို ငါးနှစ်စီမံကိန်းရဲ့ နောက်ဆုံးနှစ်ကို ရောက်ခဲ့ပြီဖြစ်တယ်။ စီးပွားရေးတိုးတက်မှုဟာ လျာထားချက်ထက်ကျော်လွန်အောင်မြင်လျက်ရှိတယ်။ တပ်မတော်၊ အစိုးရနဲ့ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကြောင့် နှောင့်ယှက်ပိတ်ဆို့၊ ကန့်သတ်မှုပေါင်းစုံကြားကပင်လျှင် အောင်မြင်မှုတွေကို ရရှိခဲ့တာဖြစ်တယ်။

**ရဲဘော်တို့-**

ခေတ်နောက်ကျနေတဲ့နိုင်ငံမှာ အရည်အချင်းမြင့်မားတဲ့ လူသားစွမ်းရည်ရရှိရေးဟာ အရှိန်အဟုန်နဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တယ်။ဒါကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခုကို ကွန်ရက်ပမာသတ်မှတ်ပြီး ဒေသစီးပွားတိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးခဲ့တယ်။ တိုင်းရင်းသားချင်း ကူးလူးချစ်ကြည်ရင်းနှီးရေးအတွက် လမ်းနဲ့တံတားတွေကို လိုအပ်တဲ့နေရာတိုင်းမှာ ဆောက်လုပ်ပေးခဲ့တယ်။ ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးနဲ့ သံလွင်တံတား(မော်လမြိုင်)စတဲ့ မြစ်ကူးတံတားကြီးတွေဟာ အိပ်မက်တွေကို အကောင်အထည်ဖော်ပေးနိုင်ခြင်းဖြစ်တယ်။

## ချမှတ်ဆောင်ရွက်

ထို့အတူပဲ တို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော နိုင်ငံသားတို့နေထိုင်ရာ ကျေးလက်ဒေသတွေမှာလဲ ဖွံ့ဖြိုးမှုကွက်လပ်မကျန်စေရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ တို့နိုင်ငံတစ်ဝန်းလုံးမှာ ဒေသတစ်ခုနဲ့တစ်ခုကွာဟမှု အနည်းဆုံးနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်တယ်။

**ရဲဘော်တို့-**

ယနေ့ဆိုရင် တို့နိုင်ငံရဲ့လူဦးရေဟာ ၅၄ သန်းကျော်ရှိပြီဖြစ်တယ်။ နောင်နှစ်ပေါင်း ၃၀ ဆိုရင် လူဦးရေဟာ သန်းပေါင်းတစ်ရာကျော်သွားမှာဖြစ်တယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့တာဝန်ကို စတင်ယူလိုက်ရပြီဆိုကတည်းက ပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေမှု ဖူလုံရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ကို ချမှတ်ခဲ့တယ်။ ဒါကြောင့် စိုက်ပျိုးမြေဧကတိုးချဲ့ရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးစွမ်းအားမြင့်မားရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနဲ့ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် အားတက်သရော ဆောင်ရွက်ခဲ့တယ်။ ဒါ့အပြင် မိရိုးဖလာစိုက်ပျိုးရေးစနစ်ကနေ စက်မှုလယ်ယာစနစ်ကိုကူးပြောင်းဖို့ ကြိုးပမ်းခဲ့တယ်။ ယနေ့ဆိုရင် လူဦးရေ ၅၄ သန်းအတွက် ဆန်စပါးဟာ ဖူလုံတဲ့အပြင် ပိုလျှံနေပြီဖြစ်တယ်။ နောင်နှစ်ပေါင်း ၃၀ မှာ ဖြစ်ပေါ်လာမယ့် တို့ရဲ့သားစဉ်မြေးဆက်ဖြစ်တဲ့ လူဦးရေ

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

## အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိ

❑ **စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေးအတွက် အခြေခံလိုအပ်ချက်တွေဖြည့်ဆည်းလာနိုင်တာနဲ့အမျှ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုထံ အေးအေးချမ်းချမ်းနဲ့ မှန်မှန်ကန်ကန် ပြန်လည်အပ်နှံနိုင်ဖို့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိ။**

# အားကစားသမားများအတွက် စွမ်းဆောင်ရည်မြှင့်မားသောဌာန မလေးရှား၌ထူထောင်ရန် အိုင်အေအေအက်ဖ်က ခွင့်ပြုလိုက်ပြီ

ကွာလာလမ်ပူ ဧပြီ ၁၁

**အားကစားသမားများအတွက် နိုင်ငံတကာအားကစားအဖွဲ့ချုပ်အသင်း(အိုင်အေအေအက်ဖ်)၏ ဒေသဆိုင်ရာ စွမ်းဆောင်မှုမြင့်မားသောဌာန ထူထောင်ရန် မလေးရှားနိုင်ငံသည် ခွင့်ပြုချက်ရရှိသွားပြီ ဖြစ်သည်။**

မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ စိန်ခေါ်မှုကို ကြုံရဖွယ်ရှိခဲ့သော်လည်း အိန္ဒိယနိုင်ငံက ရုပ်သိမ်းသွားပြီး မလေးရှားနိုင်ငံအား ထောက်ခံရန် ဆုံးဖြတ်ခဲ့သည့်အခါ ခွင့်ပြုချက် ရရေးအတွက် မဲပေးဆုံးဖြတ်ခြင်း မပြုခဲ့ရဟု ဆိုသည်။

**ပြောကြား**

ယင်းသည် နိုင်ငံအတွက် အထူးသဖြင့် အားကစားသမားများအတွက် အမှန်တကယ်ကြီးမားသော ဂုဏ်ပြုခြင်းပင်ဖြစ်ကြောင်း မလေးရှား အပျော်တမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒါတွတ်ဒန်ယာဘာလာဂိုဘယ်လ်က ကာတာနိုင်ငံဒိုဟာမှ ဗုဒ္ဓဟူးနေ့ညက ပြန်အရောက်တွင် ပြောကြားသည်။

**ထောက်ခံမှုမရရှိ**

အဆိုပါ အားကစားသမားများအတွက် ဒေသဆိုင်ရာ စွမ်းဆောင်မှု မြင့်မားသောဌာနကို ကနဦး၌ ၁၉၉၀ ပြည့်နှစ်များ၏ အစောပိုင်းတွင် ဂျကာတာ၌ ထူထောင်ခဲ့ပြီး ဒေသမှအားကစားသမားများကို လေ့ကျင့်ပေးခဲ့သည်။ သို့ရာတွင် ဒေသတွင်းရှိ နိုင်ငံများမှ ထောက်ခံမှု မရရှိခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်တွင် ဗန်ကောက်သို့ ရွှေ့ခဲ့သည်။

**ဆုံးဖြတ်ခဲ့**

ယခုအခါ ၂၀၀၂ခုနှစ်ကစပြီး ဗန်ကောက်၌ထားရှိသောဌာနကို ပြန်လည်နေရာသတ်မှတ်ရန် နိုင်ငံတကာ အားကစားအဖွဲ့ချုပ် အသင်းက ဆုံးဖြတ်ခဲ့သည်။

**(အင်တာနက်)**

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လမ်းမကြီးတစ်နေရာတွင် ချယ်ရီပန်းများ ပင်လုံးကျွတ် ဖူးပွင့်လျက်ရှိသည်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။** (ချီဒိုရီဂါဖူချီလမ်းမကြီးတစ်လျှောက်တွင် ချယ်ရီပန်းများ အများဆုံး ဖူးပွင့်သည့်နေရာတစ်နေရာဖြစ်သည်။)

**(အင်တာနက်)**

# ထိုင်းနှစ်သစ်ကူးပွဲတော်ကာလအတွင်း မော်တော်ယာဉ်များဘေးကင်းစွာမောင်းနှင်ရန် ထိုင်းအာဏာပိုင်များကတီဗွီနှင့် သတင်းစာများ၌ကြိုတင်သတိပေး

ဗန်ကောက် ဧပြီ ၁၀

**ဧပြီလလယ်တွင် ကျရောက်မည့် ထိုင်းနှစ်သစ်ကူးပွဲတော်မတိုင်မီ လမ်းလုံခြုံဘေးကင်းမှုရှိရေး လှုံ့ဆော်မှုတစ်ရပ်ကို ထိုင်းအာဏာပိုင်များက စတင်ဆောင်ရွက်ထားကြောင်း သိရသည်။**

ယာဉ်များလုံခြုံဘေးကင်းစွာမောင်းနှင်ရေး သတိပေးချက်များကို တီဗွီနှင့်သတင်းစာများ၌ ဧပြီလဆန်းမှစပြီး ကြေညာပေးလျက်ရှိပြီးဧပြီ ၁၃ရက်မှစ၍ သုံးရက်ကြာ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ပြည်သူများအနေဖြင့် သတိထားမောင်းနှင်ကြရန် တိုက်တွန်းထားသည်။

**မောင်းနှင်ခြင်းမပြု**

ဆောင်ကရမ်အားလပ်ရက်အတွင်း လမ်းများပိုမိုဘေးကင်း လုံခြုံမှုရှိစေရန်အတွက် ဓာတ်ငွေ့ရေနံနှင့် အဆိပ်အတောက် ဓာတုပစ္စည်းများ သယ်ဆောင်သော ထရပ်ကားများလမ်းများပေါ်၌ မောင်းနှင်ခြင်းမပြုဘဲရှိမည်ဟု နေ့ရှင်းသတင်းစာက ရဲအဝေးပြေးလမ်းကြီးများ ဌာနတပ်ဖွဲ့မှူး သာရာပွန်ဆီရီ၏ ပြောဆိုချက်ကို ကိုးကားဖော်ပြသည်။

**စစ်ဆေးမည်**

အဝေးပြေးဘတ်စကားမောင်းနှင်သူများသည် သတ်မှတ်ထားသောစခန်းများ၌ ရပ်ရန်လိုအပ်မည်ဖြစ်ပြီး ထိုနေရာများတွင် ဆက်မောင်းနှင်ရန် သင့်မသင့်နှင့် အနားယူရန် သင့်မသင့်ကို ရဲအဖွဲ့က စစ်ဆေးမည်ဖြစ်သည်။ ဆောင်ကရမ်ပွဲတော်ရက်အတွင်း လူများသည် နိုင်ငံတစ်ဝန်းခရီးသွားလာကြပြီး အများအပြားမှာသောက်စားမူးယစ်ပြီး ကားမောင်းကြသဖြင့် ယာဉ်မတော်တဆတိုက်မှုအရေအတွက် မြင့်မားခြင်းသည် စိုးရိမ်ပူပန်စရာတစ်ခုဖြစ်ခဲ့သည်။ ပြီးခဲ့သည့်နှစ်၌ သုံးရက်ကြာ ဆောင်ကရမ်ပွဲတော်အတွင်း ယာဉ်မတော်တဆ တိုက်မှုကြောင့် လူ ၄၂၀ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**စောင့်ကြည့်**

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့ အီရတ်၌ရှိနေခြင်းကို ဆန့်ကျင်ဆန္ဒပြနေသော အီရတ်ဆန္ဒပြသူများအား စောင့်ကြည့်နေသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ထိုင်းနိုင်ငံသားများ ယခုလတွင် ကြာသပတေးဂြိုဟ်ကို မြင်တွေ့နိုင်ကြမည်

ဗန်ကောက် ဧပြီ ၁၁

**ထိုင်းနိုင်ငံပြည်သူများအနေဖြင့် ယခုလတွင် ကံကောင်းထောက်မစွာ ကမ္ဘာ့အကြီးမားဆုံး ဂြိုဟ်တစ်ခုဖြစ်သော ကြာသပတေးဂြိုဟ်ကို ထင်ထင်ရှားရှား မြင်တွေ့ကြရမည်ဖြစ်ကြောင်း သိရသည်။**

အာကာသရှိ ဂြိုဟ်များ ရွေ့ပြောင်းမှုဖြစ်စဉ်တွင် အတောက်ပဆုံးကြယ်တာရာများကို တွေ့မြင်ရမည်ဖြစ်ပြီး မိုးလေဝသနှင့် ရာသီဥတု ကောင်းမွန်ခဲ့ပါက လူတို့မျက်စိဖြင့် ကြာသပတေးဂြိုဟ်ကို ထင်လင်းစွာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့တွေ့မြင်ရမည့်အချိန်မှာ ယခုဧပြီလ တွင် ဖြစ်သည်ဟုလည်း ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆိုင်ရာအဖွဲ့မှ အထွေထွေ အတွင်းရေးမှူးဖြစ်သူ ပရာပီဗီရာပွန်က ပြောကြားသည်ဟု ထိုင်းနယူးစ် အေဂျင်စီက ကြာသပတေးနေ့တွင် ပြောကြားသည်။

ထိုင်းပြည်သူများအနေဖြင့် ဧပြီ ၄ ရက်က ဂျူပီတာဂြိုဟ်ကို ထင်ထင်ရှားရှားမြင်တွေ့ခဲ့ကြရကြောင်းလည်း ပရာပီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# လက်လုပ်ဗုံးနှင့် တိုက်ခိုက်ခံရပြီး ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၀

**အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ သောကြာနေ့က ဗုံးတစ်လုံးဖြင့် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်၌ ဖော်ပြထားသည်။**

**ဖော်ပြ**

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၄၀အကွာ ဟာဝီဂျာမြို့အနီး၌ ထိုနေ့နေ့လယ်ပိုင်းက လက်လုပ်ဗုံးတစ်လုံးဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။

**ကြေညာ**

ဗုဒ္ဓဟူးနေ့က ဖလူးဂျာမြို့၌ ယာဉ်မတော်တဆမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း သောကြာနေ့ စောစောပိုင်းတွင် အမေရိကန်စစ်ဘက်က ကြေညာသည်။

၂၀၀၃ခုနှစ် မတ်လကစပြီး အီရတ်ကို အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ရာ အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၅၄၀ကျော်ပြီ ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# စင်ကာပူနှင့်မလက္ကာရေလက်ကြား ကုန်သင်္ဘောများ အသွားအလာအများဆုံးဖြစ် ရေလမ်းကြောင်းပြတ်တောက်ပါက ကမ္ဘာ့ကုန်သွယ်မှုထိခိုက်နိုင်

စင်ကာပူ ဧပြီ ၁၀

**စင်ကာပူနှင့် မလက္ကာရေလက်ကြားကိုစင်ကာပူ၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့က နယ်သတ်မှတ်ထားကြပြီး ယင်းရေလက်ကြားများသည် ကမ္ဘာ့ကုန်သင်္ဘောများအသွားအလာအများဆုံး ရေလမ်းကြောင်းများဖြစ်ကြရာ တစ်စုံတစ်ရာခရီးလမ်းကြောင်း ပြတ်တောက်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်မှုကို ထိခိုက်နိုင်စရာရှိသည်ဟု ဆိုသည်။**

ဂျပန်နိုင်ငံပိုင် ရေနံစိမ်းတင် သင်္ဘောအား ယခုသီတင်းပတ်၌ ပင်လယ်ဓားပြတိုက်ရန်ကြိုးပမ်းမှုမှာ အင်ဒိုနီးရှားရေပိုင်နက်အတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနက ကြာသ ပတေးနေ့၌ ပြောကြားလိုက်သည်။

ထိုသို့ ပင်လယ်ဓားပြတိုက်ရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိခဲ့ပြီးနောက် စင်ကာပူ ရေတပ်နှင့် ကမ်းခြေစောင့် ရဲအဖွဲ့ကို ပင်လယ်ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က အရေးပေါ်တပ်လှန့်ထားခဲ့ကြောင်း ဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

**ဖော်ပြ**

အဆိုပါ ဖြစ်ရပ်သည် စင်ကာပူ ရေလက်ကြား၏ ခရီးသွားလာမှုပိုင်းခြားရေးအစီအစဉ်၏ အရှေ့ဘက်သွားလမ်းကြောင်းအတွင်းအင်ဒိုနီးရှား ရေပိုင်နက်ထဲ၌ ဖြစ်ပွားခဲ့ရာ စင်ကာပူရေတပ်ကချက်ချင်းပင် အင်ဒိုနီးရှား ရေတပ်ကို အကြောင်းကြားခဲ့သည်ဟု ကြေညာချက်၌ ဖော်ပြသည်။ အင်ဒိုနီးရှားရေတပ်က ယင်းနောက်ပိုင်းတွင် စုံစမ်းစစ်ဆေးရန်အတွက် ဖြစ်ပွားရာနေရာသို့ ရေယာဉ်များ စေလွှတ်ခဲ့ပြီး စင်ကာပူရေတပ်ကလည်း လိုအပ်လျှင် အကူအညီပေးရန် ထိုနေရာ၌ စင်ကာပူရေတပ်သင်္ဘော တစ်စင်းကို ချထားပေးခဲ့သည်။

စင်ကာပူနိုင်ငံသည် ရေတပ်နှင့် ကမ်းခြေစောင့် ရဲအဖွဲ့ကို တပ်လှန့်ထားသည့်ပြင် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ဒေသတွင်းရှိ ရေယာဉ်များအား ပင်လယ်ဓားပြနှိမ်နင်းရေးသတိပေးချက်များ ထုတ်လွှင့်ပေးခဲ့သည်။

**(အင်တာနက်)**

*စာမျက်နှာ ၃၄မှ*

သန်းတစ်ရာကျော်အတွက်ပင်လျှင် ရည်မှန်းပြီး နှစ်၃၀စီးပွားရေးစီမံကိန်းကို ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိတာ ဖြစ်တယ်။ ထို့အတူပဲ တိုင်းရင်းသားတွေအပေါ် စေတနာအပြည့်အဝထားပြီး ဒေသအလိုက် ဆန်စပါးဖူလုံရေးအတွက်လဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။

**ရဲဘော်တို့-**

တို့နိုင်ငံရဲ့ လယ်ယာကဏ္ဍမှာ ဖူလုံလာပြီးတဲ့နောက် ချမ်းသာကြွယ်ဝတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်အောင် စက်မှုနိုင်ငံအဖြစ်ကို တက်လှမ်းရမှာဖြစ်တယ်။ စက်မှုနိုင်ငံတည်ထောင်ရေးအတွက် လိုအပ်ချက်ကြီးမားတဲ့ ရေနံစွမ်းအင်နဲ့ လျှပ်စစ်စွမ်းအား အလုံအလောက်ထုတ်လုပ်ရေးအတွက် စတင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိတယ်။ သဘာဝဓာတ်ငွေ့အနေနဲ့ အလုံအလောက်ရရှိနေပြီဖြစ်ပေမယ့် ရေနံရရှိရေးအတွက် ရှာဖွေနေဆဲဖြစ်တယ်။ လျှပ်စစ်စွမ်းအားအတွက်ကတော့ ပြည်သူသုံးအပြင် စက်မှုသုံးအတွက်ပါ လုံလောက်အောင် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေကို တစ်ခုပြီးတစ်ခုတည်ဆောက်လျက်ရှိတယ်။ လျှပ်စစ်စွမ်းအားနဲ့ ဓနအင်အားဟာ အပြန်အလှန်အထောက်အကူပြုသွားမှာမို့ တစ်ဆင့်ပြီးတစ်ဆင့် စက်မှုနိုင်ငံဖြစ်လာအောင် ဆောင်ရွက်သွားမှာဖြစ်တယ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**ရဲဘော်တို့-**

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေးအတွက် အခြေခံလိုအပ်ချက်တွေဖြည့်ဆည်းလာနိုင်တာနဲ့ အမျှ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုထံ အေးအေးချမ်းချမ်းနဲ့ မှန်မှန်ကန်ကန် ပြန်လည်အပ်နှံနိုင်ဖို့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက်ရှိတယ်။ ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အသေးစိတ်အခြေခံရမယ့် မူတွေကိုချမှတ်နေကြတဲ့ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်အတွင်း မြို့နယ်တိုင်းက ကိုယ်စားလှယ်အားလုံး၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် အားလုံးတို့ ပါဝင်ကြပြီး မိမိတို့ရဲ့အကြံကောင်း ဉာဏ်ကောင်းတွေနဲ့ လွတ်လပ်ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိကြတယ်။

**ရဲဘော်တို့-**

ယခုလို တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ဟာ လက်တွဲညီညီနဲ့ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်**ကို တည်ဆောက်နေတဲ့အချိန်မှာ ပြည်တွင်းပြည်ပက အဆိုးမြင်အဖျက်အမှောင့်သမားတွေဟာ အမျိုးသားနိုင်ငံရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်အောင်၊ အမျိုးသားညီလာခံကြီးကို ပျက်ပြားအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ပြည်သူအပေါင်း စိတ်အေးချမ်းမြေ့စွာ အသက်မွေးဝမ်းကျောင်းနိုင်မှုကို ထိခိုက်အောင် ကောလာဟလအမျိုးမျိုး၊ အဖျက်အမှောင့်လုပ်ငန်းအမျိုးမျိုးနဲ့ ထိုးနှက်လျက်ရှိတယ်။ ဒါ့ကြောင့် ကောလာဟလတွေကို နားယောင်ခြင်းမရှိကြဘဲ ရဲဘော်တို့ဟာ စစ်ရေးသတိကြီးစွာနဲ့ အဖျက်ရန်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်ချေမှုန်းသွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

နိဂုံးအနေနဲ့ပြောကြားရရင် **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်**ဆိုတဲ့ သင်တန်းရဲ့ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြဖို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ **(သတင်းစဉ်)**

✡ *ရှေ့ဖုံးမှ*

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်းနှင့် ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းငွေ၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်ချုပ်အေးမြင့်၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**အလေးပြုခြင်းခံယူ**

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

**ငွေဓားဆုချီးမြှင့်**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃) ဗိုလ်လောင်း အောင်ကျော်မြင့်အား ငွေဓားဆုချီးမြှင့်သည်။

**မိန့်ခွန်းပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

**(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တက်ရောက်**

**တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

ဧပြီ ၁၁ ရက်က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဧပြီ ၁၁ ရက်က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအောင်ကျော်မြင့်အား ငွေဓားဆု ချီးမြှင့်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# နိုင်ဂျီးရီးယားသံအမတ်ကြီး ခန့်အပ်ရန်သဘောတူညီ

**ရန်ကုန် ဧပြီ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စု သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ သွန်ဆင်၊ဆန်းဒေး၊အိုလူဖန်ဆို၊အိုလူမိုကိုအား ခန့်အပ်ရန် နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာသွန်ဆင်၊ဆန်းဒေး၊အိုလူဖန်ဆို၊အိုလူမိုကိုသည် ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၄ ခုနှစ်တွင် အိုင်ဘာဒန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို နယူးယောက်မြို့ လူမှုရေးဆိုင်ရာ သုတေသနတက္ကသိုလ်မှလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၇၅ ခုနှစ်က စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ဂျီနီဗာမြို့၊ နယူးယောက်မြို့၊ ဗီယင်နာနှင့် ရောမမြို့များရှိ နိုင်ဂျီးရီးယားသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာသွန်ဆင်၊ဆန်းဒေး၊အိုလူဖန်ဆို၊အိုလူမိုကိုသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာသွန်ဆင်၊ဆန်းဒေး၊အိုလူဖန်ဆို၊အိုလူမိုကိုသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးယောက်ရှိသည်။ **(သတင်းစဉ်)**

# နှစ်သစ်မင်္ဂလာအကြို ရန်ပုံငွေလှူဒါန်း

**ရန်ကုန် ဧပြီ ၁၁**

ဗဟန်း မဟာစည်သာသနာ့ရိပ်သာ၏ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် အထွေထွေရန်ပုံငွေပေးအပ်ပွဲကို ဧပြီ ၈ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားတွင် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မမကြီးက ငွေကျပ် ၃၀၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန် မိသားစု) က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းကြရာ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) နှင့် အမှုဆောင်အဖွဲ့က လက်ခံရယူကြသည်။

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် နှစ်စဉ်နှစ်တိုင်း ပြုလုပ်မြဲဖြစ်သည့် မြို့နယ်အတွင်းရှိ အသက် ၇၀ ကျော် စာရေးဆရာ၊ ဆရာမကြီးများအား သက်ကြီးပူဇော်ပွဲကို ဧပြီ ၉ရက် နံနက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) နှင့် အမှုဆောင်များက ကန်တော့ခံဆရာ၊ ဆရာမကြီး ၁၀ ဦးတို့အား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြသည်။**(မြန်မာ့အလင်း)**

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၄-၂၀၀၅**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈း၀၀ | ၆။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၀ | ၇။ | နတ်သားတောရေလျောင်တမံ |
| ၈း၂၀ | ၈။ | ခါသကြိန်အဆိုအကများ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Happy and Educational English Summer Course MRTV |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | ခါသကြိန်အဆိုအကများ |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇း၁၅ | ၆။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇း၂၅ | ၇။ | ခါသကြိန်အဆိုအကများ |
| ၁၇း၄၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈း၁၅ | ၉။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၈၄) |
| ၁၈း၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၂။ | ခါသကြိန်အဆိုအကများ |
| ၁၉း၂၀ | ၁၃။ | သားငါးဖွံ့ဖြိုး ပြည့်အကျိုး |
| ၁၉း၃၀ | ၁၄။ | ကြေးမုံရိပ်သွင် တေးနယ်ဉ် |
| ၂၀း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၈) |

# ရခိုင်ရိုးရာသင်္ကြန်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၁၁**

လှိုင်သာယာမြို့ (၉)ရပ်ကွက် (စနေမမှတ်တိုင်) ဘားအံလမ်းထိပ်တွင် ပထမအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ သင်္ကြန်ပွဲတွင် ကုသိုလ်ဒါန စေတနာရှင်များ လှူဒါန်းလိုကြသူများ ဦးစံရွှေ ဖုန်း- ၂၄၄၈၈၀ နှင့် ဦးဝင်းထွန်း ဖုန်း-၂၄၇၅၂၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# တိမ်ဖြစ်ထွန်း

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်မြို့လှည့်လည်စစ်ဆေး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြ

ရန်ကုန် ဧပြီ ၁၁

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ၁၀ရက် နံနက်၁၁နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦးမှ ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးလေဆိပ်သို့ လေယာဉ်ဖြင့် ရောက်ရှိသည်။**

### ဟဲဟိုးလေဆိပ်၌ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ဟဲဟိုးလေဆိပ်တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်ကလောတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

### ဗထူးတပ်မြို့သို့ရောက်ရှိ

ထို့နောက် တိုင်းမှူးလိုက်ပါလျက် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များအား ဗထူးတပ်နယ်ရှင်းလင်းဆောင်၌ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိတပ်မတော်အရာရှိကြီးတို့က ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများနှင့် သင်တန်းကျောင်းအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး ဗထူးတပ်နယ်ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်မြို့တွင် ကြိုဆိုကြသည့် ဗထူးတပ်နယ်မှူးနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# မေတ္တာဗျူဟာအဖွဲ့ သင်္ကြန်ရက်တွင်း အသံမစဲစုပေါင်းမေတ္တာပွားများပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၁၁**

နှစ်ဟောင်းကို မေတ္တာဖြင့်ကုန်ဆုံးစေပြီး နှစ်သစ်ကို မေတ္တာဖြင့် ကြိုဆိုသည့်အနေဖြင့် ကမ္ဘာသူကမ္ဘာသား သတ္တဝါများ ငြိမ်းချမ်းသာယာ၍ ကျန်းမာချမ်းသာစေရန် ရည်သန်လျက် မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ (၁၈)ကြိမ်မြောက် သင်္ကြန်တွင်း အသံမစဲ စုပေါင်းမေတ္တာပွားများပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီးတွင် သင်္ကြန်အကြို (ဧပြီ၁၃ရက်) နံနက် ၅ နာရီမှ မြန်မာနှစ်ဆန်း တစ်ရက် (ဧပြီ ၁၇ ရက်) ညနေ ၅ နာရီအထိ နာရီပေါင်း ၁၀၈နာရီ ကျင်းပမည်ဖြစ်သည်။

အသံမစဲမေတ္တာပွားများပွဲသို့ ကိုယ်တိုင်ပါဝင် မေတ္တာပွားများလိုသူ ဓမ္မမိတ်ဆွေ မေတ္တာရှင်များ ကြွရောက်မေတ္တာပွားများကြရန်နှင့် သက်သတ်လွတ်အာဟာရဒါနပြုလိုသူ စေတနာရှင်များလည်း လာရောက်ဒါနပြုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဌာနဆိုင်ရာလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း စည်းကမ်းများနှင့်အညီ မိမိတို့ဝန်ကြီးဌာနအလိုက် ပြည်သူလူထုနှင့် ဆက်စပ်ထိတွေ့လုပ်ဆောင်ပေးနေရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ စိတ်ထားကောင်းမွန်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေးတို့အတွက် အလေးထားမှာကြားသည်။

**(အပေါ်ပုံ)**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနက ဖြည့်ဆည်းစီမံထားရှိသော မီးဘေးလုံခြုံရေးစီမံချက်နှင့်ပတ်သက်၍ ဂေါပကအဖွဲ့ရုံးတွင် ဂေါပကအဖွဲ့ဝင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြားပြီး ရင်ပြင်တော်နှင့် ဈေးဆိုင်ခန်းအဆောက် အအုံများ မီးဘေးလုံခြုံရေးအတွက် ထားရှိသော မီးသတ်စက်နှင့် မီးသတ် ရေပိုက်ခေါင်းများ၊ အဆောက်အအုံ၊ ဈေးဆိုင်ခန်းများတွင်ထားရှိသော မီးသတ်ဆေးဘူးသုံးစွဲတတ်မှု ရှိ/မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံရွာမြတ်မာဆရာတော် ဓမ္မသဘင်ခရီးစဉ်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် မုံရွာမြတ်မာကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အရှင်ဥတ္တမစာရသည် ဧပြီ ၁၄ရက်ညတွင် ဝေဇယန္တာ ၁၁ လမ်း အနောက် ၆ ရပ်ကွက် သာကေတ၊ ၁၅ရက် ညတွင် ရန်ပြေ ၅လမ်း ၂/တောင်ရပ်ကွက် သာကေတ၊ ၁၆ရက် ညတွင်သီဂီ ၃လမ်းမြောက် ၅ရပ်ကွက် သာကေတ၊ ၁၇ရက်ညတွင် အောင်သုခ ၁၉လမ်း ၆ ရပ်ကွက် သာကေတ၊ ၁၉ရက်၊ ၂၀ရက်နှင့် ၂၁ရက် ညများတွင် မှော်အင်းကျေးရွာ လက်ပံတန်းမြို့နယ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

**အင်းစိန်မြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း အခြေခံပညာ မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲကို ဧပြီ၂ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာပြုံးက ကျောင်းသူ မဝေဝေထွန်းအား မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။** (မြန်မာ့အလင်း)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်ခေါင်းဆောင်သော အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## ✳ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဝန်ကြီးများကောင်စီရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကြသည်။

### တွေ့ဆုံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဝန်ကြီးများကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့်ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Hor Namhong၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Cham Prasiddh၊ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် Mr. Prak Sokhon၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးယခင် နှစ်များစွာကတည်းက နှစ်နိုင်ငံ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံသည် ၁၉၅၅ခုနှစ်တွင် သံတမန်ဆက်ဆံရေးများ ထူထောင်ခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်များစွာကတည်းက ခေါင်းဆောင်များ အချင်းချင်း အဆင့်မြင့် အပြန်အလှန် ခရီးစဉ်များနှင့် အမြင်ချင်းဖလှယ်မှုများ ရှိခဲ့ပါကြောင်း၊ ယင်းခရီးစဉ်များအတွင်း နှစ်နိုင်ငံအကြားတွင် သဘောတူ စာချုပ်များ၊နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

### ဂုဏ်ယူဝမ်းမြောက်

ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်)သို့ ဗီယက်နမ်နိုင်ငံ ပါဝင်လာသည့်အတွက် ဒေသခွဲ စီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည် ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ခရီးသွားကဏ္ဍတွင် အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို အသိပေး ပြောကြားလိုပါကြောင်း၊ လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံတွင် အလွန်လေးနက်သိမ်မွေ့သည့် ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပါကြောင်း၊ အမျိုးသားညီလာခံ၏ ကျင်းပပြီးခဲ့သည့် ပထမပိုင်းအစည်းအဝေးတွင် ဗဟို အစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများအကြား အာဏာခွဲဝေမှုအပိုင်းကို အဓိကထားဆွေးနွေးခဲ့ကြပါကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ခဲ့သည့် အမျိုးသားညီလာခံ ဒုတိယအကြိမ်အစည်းအဝေးမှ ဥပဒေပြုရေးဆိုင်ရာ အာဏာ ခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းမှုအပိုင်းများတွင် အသေးစိတ် အခြေခံရမည့် မူများကိုချမှတ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများသည် မိမိတို့ပန်းတိုင်ကို ကိုယ်တိုင်ရွေးချယ်ပြီး မရောက်ရောက် အောင် သန္နိဋ္ဌာန်ချမှတ်ကာ ချီတက်လျက်ရှိပါကြောင်း၊ ပြင်ပမှစွပ်စွဲမှုများနှင့် ဟန့်တားနှောင့်ယှက်မှုများမရှိလျှင် ဒီမိုကရေစီပန်းတိုင်သို့ မြန်မြန်ရောက်ရှိမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည်ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက် ကို အခြေခံသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ၈ ဒသမ ၅ ရာခိုင်နှုန်းကျော်ကျော် စီးပွားရေးတိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး အတွင်းတွင် အသင်းကြီး၏ရည်မှန်းချက်များ အောင်မြင်စေရန်တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိပါကြောင်း။

### ဆက်လက်ပူးပေါင်း

ယခု မိမိတို့ ဆွေးနွေးချက်များသည် နှစ်နိုင်ငံချစ်ခင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး ပိုမိုခိုင်မြဲရေးကို အထောက်အကူပြုလိမ့်မည်ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန်အတွက် နီးနီးကပ်ကပ် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က မြန်မာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုရှင်းပြ၍ ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်လည်း ၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း စီးပွားရေး တိုးတက်မှုနှုန်း ၆ ဒသမ၈ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း။

၂၀၀၄ခုနှစ်တွင် နိုင်ငံရေးတည်ငြိမ်မှု ရရှိလာသကဲ့သို့ စီးပွားရေးတိုးတက်မှု နှုန်းမှာလည်း လျာထားချက်၅ဒသမ၇ ရာခိုင်နှုန်းကို ကျော်လွန်၍ ၆ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့ကြောင်း။

### ပိုလျှံလာ

၂၀၀၂ခုနှစ်တွင် မိုးခေါင်ရေရှားမှု ကြုံတွေ့ခဲ့ရသော်လည်း အစိုးရနှင့်ပြည်သူ များ၏ ကြိုးပမ်းမှုကြောင့် ယခုနှစ်တွင် ဆန်တန်ချိန် ငါးသိန်းပိုလျှံလာပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံရေးမူဝါဒလမ်းစဉ် (၇)ရပ်နှင့် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေသည်ကို ကြိုဆိုပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ အစဉ်အမြဲရပ်တည်လျက်ရှိကြောင်း၊ မိမိတို့လည်း အလားတူ ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ကြောင့် မတ် ၂၆ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံအနေ ဖြင့် မြန်မာနိုင်ငံဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်လျက် ထောက်ခံပြောကြား ခဲ့ခြင်းဖြစ်ကြောင်း။

### အရေးပါ

မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးတွင် ဖွဲ့စည်းပြီးဖြစ်သော နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင်ကို အခြေခံလျက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMEC) အဖွဲ့၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်လေးနိုင်ငံအဖွဲ့နှင့် အာဆီယံအဖွဲ့ကြီး တို့သည် ယန္တရားလေးရပ်သဖွယ် နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်အရေးပါလျက်ရှိပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ဘက်မလိုက် လှုပ်ရှားမှုနှင့် ကုလသမဂ္ဂမျက်နှာစာ တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး ယခုလအတွင်း ကျင်းပ မည့် Afro-Asian Conference သို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ပြော ကြားပြီး နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆန်က ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၁၁

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဧပြီ ၈ ရက် ည ၇ နာရီတွင် ဖနောင်ပင်မြို့ရှိ Hotel Inter- Continental ရှိ ဧည့်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်ဆုတောင်းကြစဉ်။** (သတင်းစဉ်)

### တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

### ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန် ဆန်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် နှုတ်ခွန်း ဆက်ဆုတောင်းစကားပြောကြားကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက တေးသံသာများဖြင့်လည်းကောင်း၊ ရိုးရာအကများဖြင့်လည်း ကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ကမ္ဘောဒီးယား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင် သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဖနောင်ပင်မြို့ရှိ Hotel Inter- Continental ၌ ရပ်နားကြသည်။

**(သတင်းစဉ်)**

# ရောဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်)သို့ ဗီယက်နမ်နိုင်ငံပါဝင်လာသည့်အတွက် ဒေသခွဲစီးပွားတိုးတက်ဖွံ့ဖြိုးရေး ပိုမိုဆောင်ရွက်နိုင်မည်ယုံကြည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယား နိုင်ငံဘုရင် **His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni** အား ဂါရဝပြု နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆန်က ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## အလေးပြုခြင်းခံယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် တို့ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

## ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့်မိသားစုများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## မိတ်ဆက်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြု ကြိုဆိုပွဲ အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် မိတ်ဆက်ပေး စဉ်။ (သတင်းစဉ်)

# ပန်ဆုယူ တာရေသွန်းချိန်မို့

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

**"နှစ်ဆန်းငယ် သင်္ကြန်**
**သစ်သစ်သာ ဖန်တော့တယ်**
**နိုင်ငံကြော့ ပြည်သူမှာ**
**ပန်ဆုယူ တာရေသွန်းချိန်မို့**
**လွမ်းလှတယ်လေး။ ။"**

မဟာအတုလမင်းကြီး၏ တန်ခူးလဘွဲ့ကဗျာသည် မြန်မာတို့၏ နှစ်ကူး သင်္ကြန်ကို ပေါ်လွင်ထင်ရှားစေသည်။

ရာသီစက်ဝန်း လှည့်ပတ်မှုအရ "နွေ၊ မိုး၊ ဆောင်း" ဖြစ်ပေါ်မြဲဖြစ်သည်။ နွေဂိမှာန်၏ သင်္ကေတမှာ ဥသြ၊ သင်္ကြန်နှင့် ပိတောက်တို့ဖြစ်သည်။ ဥသြပျိုတေးဆိုလျှင် နွေရောက်ပြီဟု မြန်မာတို့သိကြသည်။ အထူးသဖြင့် ကျေးလက်က မြန်မာတို့က ပို၍ ခံစားမှတ်မိကြသည်။ နွေသည် ဥသြမပါလျှင် မပြီးပေ။

ရွှေအကြောင်း ဖယောင်းသိသလို၊ နွေအကြောင်း ပိတောက်သိသည်။ နွေဂိမှာန်မှာ ပိတောက်မပါလျှင်မပြီး။ သင်္ကြန်လက်ဆေးမိုးနှင့်အတူ ပွင့်သောပန်း၊ နွေ၏အထူး ပြုသောပန်း၊ မြေသင်းရနံ့နှင့်ယှဉ်၍ သင်းပျံ့မွှေးကြိုင်သော ပန်း ဖြစ်သည်။ ပိတောက်ပန်းနှင့်ပတ်သက်၍ စာဆို ဦးကြော့က **"တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း"** ဟု ဖွဲ့ဆိုခဲ့သည်။ ပိတောက်ပွင့်သောရက်ကို မွန်မြတ်သော ရက်အဖြစ် တင်စားခဲ့ကြသည်။ ပျိုတိုင်းကြိုက်သည့် ရွှေဝါပိတောက်၏ အလှကြောင့် နွေရာသီ၏သရုပ် ပိုမိုပီပြင်လာကာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် လူဦးရေ ၇၀ရာခိုင်နှုန်းမှီတင်းနေထိုင်သော ကျေးလက်ဒေသ၏ နှစ်သက်မြတ်နိုးဖွယ်သော သည်းဦးပန်း၊ ရိုးရာပန်းဖြစ်သည်။ မြန်မာ့ကျေးလက် မောင်မယ်တို့သည် အတာရေသဘင်ကို ပိတောက်ခက်နှင့် ငွေဖလားဖြင့် ပက်ဖျန်းဆင်နွှဲကြသည်။

ရှေးယခင်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ နွေဦးအခါတွင် တောလမ်းခရီးမှ ကြွချီဖူးသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ဖခင်သုဒ္ဓေါ်ဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်းဖြစ်သည်။ နွေဦး၏ တောတောင်ရေမြေသည် အလွန်လှပသည်ဖြစ်ရာ တောလမ်းခရီးမှ ကြွချီလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူး ချမ်းမြေ့ကြသည်။ ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရားအား စတင်လျှောက်ထားစဉ်ကပင် နွေဦး၏ သာယာပုံများကို ဂါထာဖွဲ့၍ ထုတ်ဖော်လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ဂါထာပုဒ်ရေပေါင်း ၆၄ပုဒ်ရှိသည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ်ဟု ခေါ်ကြသည်။ ယင်းကို နှောင်းခေတ်တွင် ရဟန်းစာဆိုရှင်အုန်းညိုက "ဂါထာခြောက်ဆယ်ပျို့" ဟူ၍ စာပေဖွဲ့ပြီး ရေးသားပြုစုခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားသည်။

**ရွှေနှိုင်းပိတောက်**
**လဲနှင့်ပေါက်လည်း**
**တောက်သည် မီးရောင်**
**ပြောင်ပြောင်ညီးညီး**
**ပန်းတောင်ကြီးသို့**
**ခရီးတောဝယ်**
**မြိုင်အလယ်၌။ ။**

ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက ကဗျာဖွဲ့ စာဖွဲ့ခဲ့သည်။

တပေါင်းတန်ခူး မိုးသားကျူး၍ လေရူးက ဝေ့ဝေ့ဝဲနေသည်။ နွေဦးလများ၏ အလှတရားသည် မြန်မာတို့၏ နှလုံးသားကို ရသပွားများစေခဲ့သည်။ နွေဦးမှာ သင်္ကြန်ကျသောအခါ မြန်မာတို့သည် နွေဦးအတာသဘင်ကို နွှဲပျော်ကြသည်။

မြန်မာလူမျိုးတို့၏ နှစ်ဟောင်းမှ နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော်သည် သင်္ကြန်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကို နှစ်စဉ် တန်ခူးလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်တွင် ရေပက်ကစားသည့် ယဉ်ကျေးမှုဓလေ့သည် တကောင်းခေတ်ကပင် စတင်ကျင်းပခဲ့ပြီး ပုဂံခေတ်တွင် ပိုမို ထင်ရှားလာခဲ့သည်။

ရေသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို စင်ကြယ်စေခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်းဟူသော နိမိတ်သုံးပါးကို ဆောင်လျက်ရှိသည်။ ထိုနိမိတ်သုံးပါးအရ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ရန် ပြည်သူအပေါင်းတို့၏

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် သမီးငယ်လေးများ ဤသို့ကပြ ဖျော်ဖြေခဲ့ကြသည်။

စိတ်နှလုံးများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေရန်အပြင် မြန်မာမျိုးနွယ်စုတို့ အချင်းချင်း ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေထိုင်ဆက်ဆံကြရန် ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကို ကျင်းပကြခြင်း ဖြစ်သည်။

နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို ဗုဒ္ဓဘာသာတရားတော်အရ မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများနှင့်ပါ ယှဉ်တွဲကာ ဆင်နွှဲသည့် အစဉ်အလာကောင်းများရှိခဲ့သည်။

တန်ခူးလသည် နွေဥတုတွင် ပါဝင်သည်။ နွေရာသီသို့ ဝင်လာသည်မှာ လဝက်မျှသာကြာသေးသော်လည်း မြန်မာနိုင်ငံ အညာဒေသများတွင် အလွန်ပူပြင်းနေပြီဖြစ်ရာ "တန်ခူးရေကုန် ကဆုန်ရေခန်း" ဆိုသကဲ့သို့ ရေတွင်းရေကန်များပင် ခြောက်ခန်းစပြုနေကြသည်။ သစ်ရွက်များ နေပူရှိန်ကြောင့် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ပြောင်းကူးခြောက်သွေ့ကြရရှာသည်။ နွေရာသီ၏ တောင်လေရူးက မြောက်လေနှင့် အပြိုင် တိုက်ခတ်လာသည့်အခါ ထိုသစ်ရွက်ခြောက်ကလေးများမှာ ဝေ့ဝေ့ဝဲဝဲဖြင့် လွင့်ပျံ့ကြွေကျလျက် ရှိကြသည်။

ရွှေမိုးညိုသည် ပြိုတော့မလိုဟန်ဖြင့် မိုးချုန်းသံ မြည်ဟည်း၍ လျှပ်ပန်းလျှပ်နွယ်တို့ လင်းလက်တောက်ပပြီး ဝန်းကျင်တစ်ခုလုံး မြည်ဟည်းတုန်ရိုက် နေပေသည်။ ဆီးနှင်းမြူတိမ် သူရိန်မီးခိုးဟူသည့် အမိုက်မှောင်တို့ကို ခွဲဖြတ် ပယ်ရှင်းနိုင်သော ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် နေမင်းကြီးသည် အပြင်လမ်းကိုစွန့်၍ အလယ်လမ်းသို့ ကူးပြောင်းကာ ကွန့်မြူးထွန်းပနေချေပြီ။

အကိုင်းအညှောက် အဖူးအညွန့်တို့ဖြင့် စီရရီထွက်ပြူဖူးပွင့်လျက်ရှိသော ငွေအဆင်းဆောင်သည့် ချီချီကြွကြွဖူးပွင့်နေကြသော ကံ့ကော်ပန်းတို့သည်လည်း လေယူရာသို့ ယိမ်းယိုင် ညွတ်ကိုင်းနေကြသည်။

ကြည်လင်သောရေအလျဉ်၊ နှစ်သက်ဖွယ်တသွင်သွင် စီးဆင်းနေသော မြစ်ကမ်းသဲသောင်စပ်တွင် ဟင်္သာ၊ သောင်တင်း၊ ပိန်ညင်းငှက်တို့သည် အတောင်များ ဖြန့်ကာ ဝဲကာ ဖိုမယှဉ်တွဲ ချစ်တင်းနှဲ၍ နေကြလေသည်။ ရာသီစက်တစ်ဆယ့်နှစ်ကွက်တွင် ဤလရာသီသည် အခြားသော လရာသီတို့နှင့် ချိန်စက် နှိုင်းပြိုင်၍မမျှ။ တုဖက်ပြိုင်ဘက်ကင်းလွတ်သော လရာသီဖြစ်သည်။

အပူရှိန်ပြင်းလာပြီ ဖြစ်သော်လည်း မိုးအနည်းငယ် ရွာသွန်းလေ့ရှိသည်။ နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင်အချိန်များတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းလေ့ရှိသည်။ ထိုမိုးသည် မြေပြင်အနှံ့ပြန့်ကျဲ စုပုံတည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စား ခွဲဆွတ်ယူဆောင်သွားလေသည်။ သူ၏ရေယာဉ်ကြောလမ်းအတိုင်း သစ်ရွက်ခြောက်များက စီးမျောလျက်ရှိသည်။ **"တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"** ဟူသော မိုးလင်္ကာအတိုင်း ထိုမိုးကို ဖက်ဆွတ်မိုးဟုလည်းကောင်း၊ သင်္ကြန်မိုးဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။

ထိုသင်္ကြန်မိုး ရွာသွန်းဖြိုးလိုက်သည့် အခါတိုင်း အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များတွင် ရွက်နုရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည်။ အသစ်ကူးသည့် ပုရစ်ဖူးလေးများ ဖြစ်သည်။ တန်ခူးလ နေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့များ ပျံ့သင်းကြိုင်လှိုင်နေသည်။

ဗေဒင်ဝေါဟာရအားဖြင့် ဤလကို မိဿရာသီဟု ခေါ်သည်။

၁၃၆၅ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့ အနော်ရထာ လမ်းမ၌ ပျော်ရွှင်စွာ ရေပက်ကစားနေကြသူများကို ဤသို့တွေ့ရသည်။

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် တိုင်းရင်းသူများ ပါဝင်ကပြဖျော်ဖြေခဲ့ကြစဉ်။

သင်္ကြန်ဟူသော စကားသည် "သင်္ကြန္တ" ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရ ဖြစ်သည်ဟု ဝေါဟာရတ္ထပကာသနီကျမ်း (၃၅၉)နှင့် ဝေါဟာရလီနတ္ထဒီပနီကျမ်း (၅၈)တို့၌ ဖွင့်ဆိုကြ၏။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်း နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းလာသည်ကို အလေးအမြတ်ထားကြသည်။ မိမိတို့ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံအလိုက် နှစ်သစ်ကူးပွဲတော်များ ကျင်းပ၍ နှစ်ဆန်းနှစ်သစ်ကို ကြိုဆိုလေ့ရှိကြသည်။ ဤသည်မှာ ထိန်းသိမ်းအပ်သော မွန်မြတ်သည့် ယဉ်ကျေးမှု အစဉ်အလာတစ်ရပ် ဖြစ်သည်။ **မြန်မာလူမျိုးတို့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကာ နှစ်သစ်ကို ကြိုဆိုကြမြဲ ဖြစ်ပေသည်။ ယင်းနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က "သင်္ကြန် ပွဲတော်" ဟု ခေါ်ဝေါ်ကြသည်။**

တန်ခူးလ၌ ရင်ခတ်ပန်း၊ ကံ့ကော်ပန်းနှင့် ပိတောက်ပန်းတို့ ပွင့်ကြသည်။

သင်္ကြန်ပွဲတော် ကျင်းပချိန်တွင် မြန်မာလူမျိုးတိုင်း၏ စိတ်နှလုံးသည် ကြည်လင်လန်းဆန်းနေလေ့ရှိကြသည်။ ရေကစားပွဲ၊ အကျွေးအမွေး အလှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲ၊ ရဟန်းခံရှင်ပြုပွဲ စသည်တို့ကိုလည်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲလေ့ရှိကြသည်။

အလှအက သဘာဝပြိုင်ပွဲများ၊ ယိမ်းသမတို့၏ သင်္ကြန်တေးသံများသည် မြန်မာ့မြေတစ်ခွင်တွင် ဖုံးလွှမ်းလျက်ရှိသည်။ စတုဒိသာကျွေးပွဲများနှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ ပျော်ရွှင်စွာ ရေပက်ကစားနေကြသည့်မြင်ကွင်းမှာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့၏ အကျိုးရလဒ်ကောင်း တစ်ခုပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မြန်မာလူမျိုးတို့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲကျင်းပကာ နှစ်သစ်ကို ကြိုဆိုကြမြဲ ဖြစ်ပေသည်။ ယင်းနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က "သင်္ကြန်ပွဲတော်" ဟု ခေါ်ဝေါ်ကြသည်။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိ၊ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့တက်ရောက်

ရန်ကုန် ဧပြီ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၈ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၄၅မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယား အမျိုးသမီးလေးတစ်ဦးက ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အလေးပြုခြင်းခံယူ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)

ယင်းနောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသီချင်းတို့ကို တီးမှုတ်သည်။

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁*

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းတို့ကိုတီးမှုတ်ပြီး ဂုဏ်ပြုနှုတ်ဆက်

ရန်ကုန် ဧပြီ ၁၁

**ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် ဧပြီ၉ ရက် နံနက် ၇နာရီခွဲတွင် ဖနောင်ပင်မြို့ Hotel Inter- Continental ရှိ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

### အလံငယ်များဝှေ့ယမ်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ နံနက် ၇နာရီခွဲတွင် ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်အဝင်လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲ/ယာတို့မှ ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

### နိုင်ငံတော်သီချင်းတီးမှုတ်

ထို့နောက် ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြရာ နိုင်ငံတော်တီးဝိုင်းက ကမ္ဘောဒီးယားနိုင်ငံသီချင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ပြန်လည်ရောက်ရှိ

ထို့နောက် လေယာဉ်လှေကားရင်းအထိ လိုက်ပါပို့ဆောင်နှုတ်ဆက်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်အား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

● *ကျော၁မှ*

### တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၁ မှ*

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

### အလံငယ်များဝှေ့ယမ်းကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စောင့်ကြိုနှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် ဇနီး ဒေါ်အေးမိစံနှင့် သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကမ္ဘောဒီးယားနိုင်ငံ အလံငယ်များ ဝှေ့ယမ်းကြိုဆိုနေကြသည့် ကျောင်းသားကျောင်းသူများ၊ ပြည်သူများအား လိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လိုက်ပါပို့ဆောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဖနောင်ပင်မြို့ရှိ Hotel Inter-Continentalသို့ သွားရောက်ကြရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် လိုက်ပါပို့ဆောင်သည်။

**(သတင်းစဉ်)**

## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ်အလှူတော်မင်္ဂလာကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းမြောက်ပိုင်းအမှတ် (၅)ရပ်ကွက်ရှိ ရတနာဗိမာန် ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ရှေးဦးစွာ အဆိုပါစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ယပ်ကိုင်အောင်သပြေဆရာတော် ဘဒ္ဒန္တ ဝိလာသက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### နေ့ဆွမ်းဆက်ကပ်

အခမ်းအနားမစတင်မီ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သိမ်ဆင်းဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြပြီး အခမ်းအနားအပြီးတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးတင်ဝင်းအား ဂျာမနီ သံအမတ်ကြီးအဖြစ်ခန့်အပ်

**ရန်ကုန် ဧပြီ ၁၂**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းအား ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဒုလ္လဘတရားစခန်းပွဲ

**ရန်ကုန် ဧပြီ ၁၁**

ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်မြောက်ပိုင်း တောင်လေးလုံးကျောင်းတိုက် မြို့နယ် သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဇာဂရဗုဒ္ဓိ မဟာထေရ်မြတ်ကြီး၏ သြဝါဒကို ခံယူလျက် မူမိသားစုနှင့် အများဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ မွန်မြတ်သော စေတနာဒါနဖြင့် ပဋ္ဌမအကြိမ်မြောက် အပါး ၂၅၀ ဒုလ္လဘတရားစခန်းပွဲတော်ကြီးကို တောင်လေးလုံးကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် နှောင်းတန်ခူးလဆန်း၃ရက်နေ့မှစ၍ နှစ်ဆန်း၃ရက်နေ့ထိ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

## နှစ်သစ်ဦးတရားတော်ဟောကြားမည်

**ရန်ကုန် ဧပြီ ၁၁**

၁၃၆၇ ခုနှစ် ဦးတန်ခူးလဆန်း ၉ရက် (မြန်မာနှစ်ဆန်းတစ်ရက်) ၂၀၀၅ ခုနှစ် ဧပြီ ၁၇ရက် တနင်္ဂနွေနေ့ နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက် နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုတ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဆရာတော်ငါးပါးတို့က "အဖော်မှန်" နှစ်သစ်ဦး တရားတော်နှင့် "မင်္ဂလသုတ်ပါဠိတော်" များကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၄-၂၀၀၅ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | အဖွင့်ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | ငယ်စဉ်အခါ ပညာရှာ |
| ၇း၃၅ | ပြည်တွင်းသတင်း |
| ၇း၄၀ | ခါသင်္ကြန်အဆိုအက |
| ၇း၄၅ | ဆေးလိပ်အန္တရာယ် |
| ၇း၅၅ | နိုင်ငံတကာသတင်း |
| ၈း၀၀ | ဝါသနာရှင်စင်မြင့် (သင်္ကြန်အထူး) |
| ၈း၃၅ | ခါသင်္ကြန်အဆိုအက |
| ၈း၄၀ | ရေတာရှည်မြို့နယ် ကျွန်းအထူးစိုက်ခင်း |
| ၈း၅၀ | ပြည်တွင်းသတင်း |
| ၈း၅၅ | ခါသင်္ကြန်အဆိုအက |
| ၉း၀၀ | ရုပ်ရှင်အကယ်ဒမီအကြောင်း သိကောင်းစရာ |
| ၁၀း၀၀ | ခါသင်္ကြန်အဆိုအက |
| ၁၀း၀၅ | နိုင်ငံတကာသတင်း |
| ၁၀း၁၀ | တိုးတက်ဖွေရှာ ဇီဝလောင်စာ |
| ၁၀း၂၀ | ခါသင်္ကြန်အဆိုအက |
| ၁၀း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ | လွယ်ကူသက်သာမြန်မာ့ဟင်းလျာ |
| ၁၀း၄၅ | ခါသင်္ကြန်အဆိုအက |
| ၁၀း၅၀ | ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား |
| ၁၁း၀၀ | အပိတ် |

**အထက်ပါ လေးနာရီစာအစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## သင်တန်းဆင်း အောင်လက်မှတ်

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်စဉ်။** (မြန်မာ့အလင်း)

# ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၁

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၈ နာရီက ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

သင်တန်းဆင်းပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် ကုက္ကိုင်းရေကူး အသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး အောင်လက်မှတ်များကို အဖွဲ့အလိုက် ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကုက္ကိုင်းရေကူးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သင်တန်း နည်းပြဆရာများအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၄ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကုက္ကိုင်း ရေကူးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများထံမှ အလှူငွေကင်းလွတ် အသင်းဝင်ခွင့်ရရှိသူ ၁၉ ဦးအတွက် ကံစမ်းမဲများကို ဝန်ကြီးနှင့် တာဝန်ရှိသူများက နှိုက်ယူပေးကြသည်။

### ဆက်လက်ဖွင့်လှစ်

အဆိုပါ နွေရာသီရေကူးသင်တန်းသို့ ရေကူးအားကစားသမား ၆၃၈ ဦး တက်ရောက်ခဲ့ကြပြီး ဒုတိယအကြိမ် နွေရာသီ ရေကူးသင်တန်းကို ဧပြီ ၂၃ ရက်တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဟု သိရသည်။

**(မြန်မာ့အလင်း)**

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများလေ့ကျင့်

**ရန်ကုန် ဧပြီ ၁၁**

၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်သည် ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီး အားကစားသမားများအား စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမ မြန်မာ့လက်ရွေးစင် စက်ဘီး အားကစားသမားများကို နည်းပြချုပ်အဖြစ် ဦးမြင့်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်နှင့် ဒေါ်နှင်းစန္ဒာဦးတို့က တာဝန်ယူ နည်းပြပေးလျက်ရှိသည်။

အမျိုးသား အားကစားသမားများအဖြစ် ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)၊ မင်းမင်းဟန်၊ မြင့်အေး၊ ဝင်းနိုင်တာ (လယ်ယာ/ဆည်မြောင်း)နှင့် ဝင်းလှိုင် (ရန်ကုန်တိုင်း)၊ အမျိုးသမီး အားကစားသမားများအဖြစ် မိုးစန္ဒာညို၊ ခင်စိုးဌေး၊ ရှုရီ(မြို့တော်စည်ပင်)၊ ခိုင်မာဦး (လယ်ယာ/ဆည်မြောင်း)နှင့် မြမာ(မန္တလေးစည်ပင်)တို့ ပါဝင်ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင် စက်ဘီး အားကစားသမားများသည် မတ်လဆန်းမှစတင်၍ လူငယ် အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ တာဝေး လေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလား မြန်မာပြည်တံခွန်စိုက် စက်ဘီးပြိုင်ပွဲကို မေလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပို့ဆောင်ရေးက စွမ်းအင်ကိုအနိုင်ရရှိ သစ်တောရေးရာနှင့် တံခွန် သရေကျ

**ရန်ကုန် ဧပြီ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းနှင့် တံခွန်အသင်းတို့ နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပို့ဆောင်ရေးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၀ ပွဲကစား အမှတ်(၃၀)၊ စီးပွား/ကူးသန်းအသင်းက ၁၁ ပွဲကစား အမှတ်(၃၀)၊ သစ်တောရေးရာအသင်းက ၁၃ ပွဲကစား (၂၉)မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၃ ပွဲကစား (၂၆)မှတ်၊ မြို့တော်စည်ပင်အသင်းက ၁၃ ပွဲကစား (၂၆)မှတ်၊ ပို့ဆောင်ရေးအသင်းက ၁၂ ပွဲကစား (၂၃)မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၂ ပွဲကစား (၂၂)မှတ်၊ တံခွန်အသင်းက ၁၃ ပွဲကစား အမှတ်(၂၀)၊ စွမ်းအင်အသင်းက ၁၃ ပွဲကစား (၁၈)မှတ်၊ လယ်ယာထွက်ကုန်အသင်းက ၁၂ ပွဲကစား (၁၇)မှတ်၊ ကမ္ဘောဇအသင်းက ၁၄ ပွဲကစား (၁၃)မှတ်၊ ပြည်ထဲရေးအသင်းက ၁၃ ပွဲကစား (၁၁)မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၃ ပွဲကစား (၇)မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၂ ပွဲကစား (၆)မှတ်၊ မလိခအသင်းက ၁၃ ပွဲကစား (၃)မှတ် ရရှိထားကြသည်။

### ရပ်နားမည်

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဧပြီ ၁၂ ရက်မှစတင်၍ ရပ်နားထားမည်ဖြစ်ပြီး ဧပြီ ၂၅ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကျုံမငေးမြို့ မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် ဧပြီ ၁၁**

ဧရာဝတီတိုင်း ကျုံမငေးမြို့ စိတ္တသုခ ဓမ္မရက္ခိတကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၁)တွင် ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ မြောက်ဥက္ကလာပ ပုပ္ဖားသုံးကျောင်းမှ မိုးကုတ်နယ်လှည့် ဓမ္မကထိက ရှေဦးဆရာတော် အရှင်နန္ဒာသီရိ အရှင်သူမြတ်သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

## ကမ္ဘာတစ်လွှား အားကစား

# ရီးရဲမက်ဒရစ်က ဘာစီလိုနာကိုအနိုင်ရရှိ ဆုဖလားရရှိရေးအိပ်မက် ပြန်လည်ရှင်သန်လာ

ရီးရဲမက်ဒရစ် ဧပြီ ၁၁

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲများကို ဧပြီ ၁၀ ရက်က ယှဉ်ပြိုင်ကစားကြရာ ရီးရဲမက်ဒရစ်အသင်းက တန်းစီဇယားထိပ်ဆုံးရောက် ဘာစီလိုနာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

ပွဲစသည်နှင့် ရီးရဲမက်ဒရစ်တို့ တိုက်စစ်ဆင်ကစားရာ ပွဲချိန် ခြောက်မိနစ်တွင် ရော်နယ်ဒို ဖြတ်တင်ပေးလိုက်သောဘောလုံးကို ဇီနက်ဒင်း ဇီဒန်းက ဖွေဆော်ဦးဂိုး သွင်းပေးလိုက်သည်။

**ရီးရဲမက်ဒရစ်အသင်းနှင့် ဘာစီလိုနာ အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရီးရဲမက်ဒရစ်မှ ပြင်သစ်နိုင်ငံသား ဇီဒန်း(ဝဲ)နှင့် တစ်နိုင်ငံ တည်းသား ဘာစီလိုနာကစားသမား လူဒို ဗစ်ဂူလီတို့ ဘောလုံး ယှဉ်လုကြစဉ်။** (ဓာတ်ပုံ- အင်တာနက်)

ဂိုးရရှိရေးအတွက် ရီးရဲတို့ ဆက်လက် တိုက်စစ်ဆင်ကစားရာ ပွဲချိန်မိနစ် ၂၀ တွင် ဘက်ခမ်း ထောင့်ဖြတ်ကန်လိုက်သော အလွတ်တည်ကန်ဘောမှတစ်ဆင့် ရော်နယ်ဒိုက သွင်းယူလိုက်သည်။

### ချေပဂိုးသွင်း

သို့ရာတွင် ဘာစီလိုနာက ရီးရဲမက်ဒရစ်၏ တိုက်စစ်ကို ပြန်လည်တန်ပြန်ထိုးဖောက်ကစားရာ ပွဲချိန် ၂၈ မိနစ်တွင် အီတိုးက ဘာစီလိုနာအတွက် တစ်ဂိုး ချေပပေးလိုက်၍ နှစ်ဂိုး-တစ်ဂိုး ဖြစ်သွားသည်။

ပထမပိုင်းပွဲပြီးရန် ၄၅ မိနစ်ပြည့်ချိန်တွင် ရာအူးလ်က ရီးရဲမက်ဒရစ်အတွက် တစ်ဂိုးထပ်မံသွင်းပေးလိုက်သည်။ ရီးရဲမက်ဒရစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထား၍ ဒုတိယပိုင်းပြန်စရန် ပို၍စိတ်ဓာတ် တက်ကြွစေခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် နှစ်သင်းလုံး အကြိတ်အနယ်ထိုးဖောက်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၆၅ မိနစ်တွင် ဘက်ခမ်းဖြတ်ပို့ပေးသောဘောလုံးကို မိုက်ကယ်အိုဝင်က သွင်းပေးလိုက်၍ ရီးရဲမက်ဒရစ်တို့ လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ပွဲပြီးရန် နီးလာချိန်တွင် ဘောလုံးပါရမီရှင် ရော်နယ်ဒင်ဟိုက ဘာစီလိုနာအသင်းအတွက် ဒုတိယမြောက် ချေပဂိုးကို သွင်းပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် လာလီဂါတွင် ရီးရဲမက်ဒရစ်အသင်းထက် (၆)မှတ်သာ အသာရရှိထားသည်။ ရီးရဲမက်ဒရစ်အသင်းသည် ဆက်လက်ကစားရန် ခုနစ်ပွဲ ကျန်ရှိသေး၍ လာလီဂါဖလားရရှိရေး အိပ်မက်ကို ပြန်လည်ရှင်သန်စေခဲ့သည်။

### ဆီဗီလ်လာနိုင်

အက်စ်ပန်ညော်အသင်းနှင့် ဆီဗီလ်လာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဆီဗီလ်လာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဆီဗီလ်လာအသင်းက အက်စ်ပန်ညော်ကို အနိုင်ရလိုက်သဖြင့် လာမည့်ရာသီတွင် ချန်ပီယံလိဂ်ခြေစစ်ပွဲအတွက် အခွင့်အလမ်းများရရှိခဲ့သည်။

ပွဲစလျှင်စချင်း နှစ်ဖက်စလုံးမှ ဂိုးရရှိရေး တိုက်စစ်ဆင်ကစားရာ ပွဲချိန် ကိုးမိနစ်တွင် လိုပက်ဇ်ဂျော်ဒီက ဆီဗီလ်လာအသင်းအတွက် ဖွေဆော်ဦးဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးသွင်းပြီး ၁၇ မိနစ်အကြာတွင် ဘက်တစ်စတာက ဆီဗီလ်လာအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည်။

အက်စ်ပန်ညော်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို လူစားဝင်လာသူ ဂျိုနသန်ဆော်ဒီယာနိုက သွင်းယူခဲ့ခြင်း ဖြစ်သည်။

### အခြားပွဲစဉ်များ

| | | |
|---|---|---|
| ဂီတာဖေး | ၁-၀ | အယ်ဘာစီတီ |
| မာလော့ဂါ | ၀-၂ | ရီးရဲဇာရာဂိုဇာ |
| အိုဆာဆူနာ | ၁-၀ | ရေးဆင်း |
| ရီးရဲဘက်တစ် | ၂-၂ | လီဗန်တေး |
| ဗလင်စီယာ | ၂-၂ | မာလာဂါ |

(အင်တာနက်)

# အဲဗာတန်က ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ရရှိ လီဗာပူးထက်လေးမှတ်သာပြီး စတုတ္ထနေရာယူ

**လန်ဒန် ဧပြီ ၁၁**

အဲဗာတန်အသင်းသည် တနင်္ဂနွေနေ့က ခရစ္စတယ်ပဲလေ့စ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး စတုတ္ထနေရာ၌ လီဗာပူးထက် လေးမှတ် အသာရရှိသွားသည်။

အဲဗာတန်အသင်း အတွက် အာတီတာက အစောပိုင်းတွင် အလွတ်တည်ကန်ဘောမှ တစ်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၄၇ မိနစ်နှင့် ၅၄ မိနစ်တို့တွင် တင်ကာဟေးလ်က အဲဗာတန်အတွက် နှစ်ဂိုးဆက်တိုက် သွင်းပေးခဲ့သည်။ ၎င်းသည် ပရီမီယာရှစ်တွင် အသက် အငယ်ဆုံးသော ဘောလုံးသမားဖြစ်သည်။

တော့တင်ဟမ်ဟော့စပါးအသင်းသည် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ရောက် နယူးကာဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး သတ္တမနေရာသို့ နှစ်နေရာ ခုန်တက်နိုင်ခဲ့သည်။ တော့တင်ဟမ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် ဂျာမိန်းဒီဖိုးက သွင်းယူသွားခြင်းဖြစ်သည်။

ဝက်စ်ဘရွန်းအသင်းသည် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျပြီး ငါးလအတွင်း ပထမဆုံးအကြိမ် အဆင့်တက်လာနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည်ဘာမင်ဂမ်အသင်းနှင့် တစ်ဂိုးစီ သရေကျပြီး (၈၁)မှတ်ဖြင့် ဒုတိယနေရာမှ အာဆင်နယ်အသင်းကို (၁၁)မှတ်ဖြတ်ကာ ဦးဆောင်နေသည်။ **(ဆင်ဟွာ)**

**ဝက်စ်ဘရွန်းအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဝက်စ်ဘရွန်းမှ ရစ်ချက်ဆင်(ဝဲ)နှင့် အက်စ်တွန်ဗီလာမှ စတီဗင်ဒေးဗစ်တို့ ဘောလုံးရရှိရေး ယှဉ်လုစဉ်။** (ဓာတ်ပုံ- အင်တာနက်)

# မီးဘေးရှောင် မလောင်ခင်တား

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များရောင်းချပေးမည်

**ရန်ကုန် ဧပြီ ၁၁**

မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း(လေးထောင့်ကန်စခန်း)နှင့်(လှော်ကားစခန်း)တို့က ၂၀၀၅ခုနှစ် ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် ပြည်သူများ ဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ကမ္ဘာအေးကုန်းမြေ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ် သာစုကန်ဘုရားနှင့် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား(သွေးဆေးကန်)တို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီးလားပီးယားစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါ ငါးသားပေါက်များကို ကောင်ရေ ၁၀၀၀နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆၊ ၆၃၅၇၂၇တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဧပြီ ၉ရက်က ကွယ်လွန်သူ ဦးကြည်ညွန့် (ချစ်ကြည်ရေး-ကြည်ညွန့်) စာတည်းမှူးချုပ်(ငြိမ်း) မြန်မာ့အလင်းသတင်းစာတိုက်အားရည်စူး၍ ဇနီးဒေါ်ခင်ခင်နု၊ သားသမီးမြေးတစ်စုတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းထိန်က လက်ခံရယူစဉ်။** (က-ပ)

# ပုသိမ်အသင်း(ရန်ကုန်)ဂုဏဝိသိဋ္ဌပူဇာကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ပုသိမ်အသင်း (ရန်ကုန်)က ကြီးမှူး၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဩသဓာဘိဝံသ အရှင်သူမြတ်နှင့် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ကိုးပါးနှင့်လူပုဂ္ဂိုလ်နှစ်ဦးတို့အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲကိုယမန်နေ့က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩသဓာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူကြသော ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဿုတ၊ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် သာသနာပါလ သာသနာပြုဘုန်းတော်ကြီးပညာ သင်ကြားရေးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာစက္က၊ ဧရာဝတီတိုင်း ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် စိန်ပန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလ၊ ဧရာဝတီတိုင်း ပုသိမ်မြို့ ရတနာအုတ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် လဟာကလူ ကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍိယ၊ အဂ္ဂမဟာ ဂန္ထဝါစပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း မအူပင်မြို့နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရ၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ရေကြည်မြို့နယ် နေဝင်းရပ်ကွက် သီတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုခမိဿရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်(၁)ရပ်ကွက် မဟာဝိသုတာရာမကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ငပုတောမြို့နယ် ဒီဒူးကုန်းရွာ ထူပါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောသလ္လတို့ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာများ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဦးညွန့်စိန်၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရဦးစိုးသိမ်း၊ ပုသိမ်အသင်း အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်အသင်း အတွင်းရေးမှူး ဦးစိုးဟန်လင်းက အခမ်းအနားဖွင့် စာတမ်းဖတ်ကြား လျှောက်ထား၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းက ပူဇော်ရခြင်းအကြောင်း လျှောက်ထားသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပုသိမ်အသင်း အမှုဆောင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်ချအမျှပေးဝေ

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ရှိ ဆောက်လုပ်ဆဲဖြစ်သောသော တုဇနသုံးထပ်ကျောင်းဆောင်သစ်ကြီးအတွက် ပုသိမ်အသင်းအတွင်းရေးမှူး ဦးစိုးဟန်လင်းနှင့် မိသားစုက ဒုတိယ အကြိမ်အဖြစ် ငွေကျပ်သိန်းသုံးဆယ်ကိုလှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် **(အပေါ်ပုံ)**က လက်ခံရယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဟာရွှေစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၁**

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ သကံတောရကျောင်းတိုက် လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော်မြတ်ကြီး၏ဒုတိယ အကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ရွှေတိဂုံစေတီတော် အဂ်ါသမာဓိ အသင်း ဩဝါဒါစရိယ သကံတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများကြီးမှူး၍ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၇ရက်မှ ၂၀ရက် အထိလည်းကောင်း၊ ဘိုကလေးဆရာတော်အား သိက္ခာတော်ထပ်ပွဲနှင့်ရဟန်းခံရှင်ပြု မင်္ဂလာပွဲကို ဧပြီ ၂၁ရက်နှင့် ၂၂ရက်တို့တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ယင်းနေ့နံနက်၉နာရီခွဲတွင် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ၍ နံနက် ၁၀ နာရီခွဲတွင် ဆွမ်းဆက်ကပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

သန်လျင်မြို့နေ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ထူးတို့၏သား

**မောင်ရာဇာလတ်**

**Diploma in Mechatronics (S'pore Polytechnic)**

**Assistant Engineer, ST Microelectronic Pte., Ltd. (S'pore)**

နှင့်

ရန်ကုန်မြို့နေ ဦးခင်ဝင်း-ဒေါ်ဖြူဖြူလွင်တို့၏သမီးဦး

**ဒေါက်တာနန္ဒာခင်ဝင်း**

**M.B.,B.S (Ygn)**

တို့၏ ၁၀-၄-၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ရာဇာလတ်-ဒေါက်တာနန္ဒာခင်ဝင်း။**



# သဘောမတူကြောင်းအများသိစေရန် ကြေညာခြင်း

၈-၄-၂၀၀၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၁၈ ကော်လံ ၃-၄တွင် ဖော်ပြထားသော မောင်ဝင်းမင်းနှင့် မတင်ဇာကျော်တို့၏ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းဟူသည့် ကြေညာချက်နှင့်ပတ်သက်၍ ယောကျ်ားလေး၏ မိဘများဘက်မှ လုံးဝသဘောမတူ အသိအမှတ်မပြုကြောင်း ကြေညာအပ်ပါသည်။

**မောင်ဝင်းမင်း၏ မိဘနှစ်ပါး။**



# ၈-၄-၂၀၀၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဦးအောင်သန်းဇော်၏ကြေညာချက်အပေါ် ဖြေရှင်းချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ် ၁၁၆ နေ ဒေါ်အေးပပ၏ ညွှန်ကြားချက်အရ ဦးအောင်သန်းဇော်၏ ကြေညာချက်အပေါ် ရှင်းလင်းကြေညာပါသည်။ ဦးအောင်သန်းဇော်၏ပစ္စည်းများနှင့်ပတ်သက်သော ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။ ဒေါ်မြင့်မြင့်စိန်သည် ကွယ်လွန်သူမိခင် ဒေါ်ရင်ရင်မြနှင့် ဒေါ်အေးပပ ပိုင်ငွေကျပ်သိန်း ၅၀ ယူသွားပါသည်။ ဤကြေညာချက်ပါ ခုနစ်ရက်အတွင်း ဦးအောင်သန်းဇော်က ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် မမှန်မကန်ကြေညာချက်များ ထပ်မံပြုလုပ်ပါက ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းကြေညာပါသည်။

**ဦးမြအောင် B.A.,RL**

**တရားရုံးချုပ်ရှေ့နေ**

**၄၂/ပထပ်၊ရွှေဘုံသာလမ်း၊**

**ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။**

# မြန်မာပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသို့ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၁**

အာဆီယံ-ကိုရီးယား ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်အရ ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ဦးစိုးမိုးခေါင်းဆောင်သော မြန်မာပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတ နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ AFP သတင်းဌာန သတင်းထောက် ဦးခင်မောင်သွင်နှင့် အဖွဲ့အတွင်းရေးမှူးအဖြစ်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် (နိုင်ငံခြား)မှ စာပေလက်ထောက်(၂) ဒေါ်ရီရီမြင့်တို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၉ မှု ၂၀၀၅ခု မတ်လတွင် ဖမ်းဆီးနိုင်ခဲ့

**ရန်ကုန် ဧပြီ ၁၁**

၂၀၀၅ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါး အမှုပေါင်း ၂၃၉မှုဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၃၆မှု အလေးချိန် ၃၁ ဒသမ ၇၃၂၅ကီလို၊ ဘိန်းဖြူ ၇၆မှု အလေးချိန် ၁၂ ဒသမ ၉၇၉၆ကီလို၊ ဘိန်းဆီ ငါးမှု အလေးချိန် ဒသမ ၅၇၂၇ကီလို၊ အဆင့်နိမ့်ဘိန်း ၁၄မှု အလေးချိန် ၁ ဒသမ ၉၇၁၅ကီလို၊ ဆေးခြောက် ၁၅မှု အလေးချိန် ၄၃ ဒသမ ၅၄၇၄ ကီလို၊ ဖင်ဆီဒိုင်း နှစ်မှု ပမာဏ ၃ ဒသမ ၇လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄မှု ဆေးပြား ၃၈၆၀၆ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ဒသမ ၀၀၄ကီလို၊ ဘိန်းစာမှုန့် ငါးမှု အလေးချိန် ၆ဒသမ၁၇၆ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏ ဒသမ ၀၆လစ်တာ၊ ဒိုင်ယာဇီပမ် ထိုးဆေးပုလင်း ၂၁၂၀၊ ဒိုင်ယာဇီပမ်ဆေးပြား တစ်မှု ၅၇၉၉၂ပြား၊ ဓာတုဆေးရည် သုံးမှု ပမာဏ ၈၄၉၉လစ်တာ၊ မှတ်ပုံတင်ပျက် ခြောက်မှု၊ အခြားအမှု ၂၂မှုဖမ်းဆီးရမိခဲ့သည်။၂၀၀၅ခုနှစ် မတ်လတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၉မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၉၃ဦး၊ တရားခံ အမျိုးသမီး ၇၅ဦး စုစုပေါင်းတရားခံ ၃၆၈ဦးတို့အား ဥပဒေအရ အရေးယူ ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်အားပြင်းငလျင်လှုပ်

**ရန်ကုန် ဧပြီ ၁၁**

၂၀၀၅ခုနှစ် ဧပြီလ ၁၁ရက်နေ့ မြန်မာစံတော်ချိန် ၁၂နာရီ၄၄မိနစ် ၂၀စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင်၉၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၁ အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ် လှကဗိုင်းကျေးရွာတွင် ကျေးရွာ ပြည်သူများ စုပေါင်းလှူဒါန်းသော ကျေးလက်ကျန်းမာရေးဌာနဖွင့်ပွဲ အခမ်းအနားကို မတ်၂၈ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ခင်မေသွင် က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ကျန်းမာရေး)

# ပြည်ခရိုင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှု စည်ပင်သာယာညွှန်ချုပ်စစ်ဆေး၊ စံချိန်စံညွှန်းမီ မိုးမကျမီပြီးစီးရေးမှာကြား

ပြည် ဧပြီ ၈

**စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ဇီးကုန်းမြို့နယ် ဘော်ဘင်ချောင်းအနီး ချောင်းဖြတ်ပေ၂၀ တံတားနှစ်စင်း ဆောင်ရွက်ရမည့် နေရာကို ကြည့်ရှုပြီး ရွှေဖလားရွာနှင့် ရွာသာယာရွာများတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် နတ်တလင်းမြို့နယ် ဆီဆုံကုန်းရွာ ရှင်းလင်းဆောင်တွင် လက်ထောက်အင်ဂျင်နီယာ ဦးဉာဏ်စိုးက နတ်တလင်းမြို့နယ် ဆီဆုံကုန်းရွာမှ ပေါင်းတည်မြို့နယ် ကြာနီကန်ရွာအထိ စုစုပေါင်း မိုင် ၂၀ ဆောင်ရွက်ရန် လျာထားပြီး ယခု၁၆မိုင် ၆ဖာလုံ ဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိသည့် လေးမိုင်အား စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆီဆုံကုန်းကျေးရွာ လုပ်ငန်းခွင်တွင် ဦးစီးဌာနပိုင် စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးသည်။

## ရွေးချယ်သတ်မှတ်ပေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နတ်တလင်းမြို့နယ် ထန်းတောစုရွာနှင့် ဆဲကန်ရွာမ ဆက်သွယ်သည့် တောင်ညိုချောင်းကူးတံတား တည်ဆောက်မည့် နေရာကို ကြည့်ရှုပြီး တံတားတစ်ဖက်တစ်ချက်ရှိ ချဉ်းကပ်လမ်း ဖောက်လုပ်ရမည့်နေရာ၊ တံတားတည်ဆောက်ရမည့် နေရာတို့ကို ရွေးချယ်သတ်မှတ်ပေးခဲ့သည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့်ပေါင်းတည်မြို့နယ်သို့ရောက်ရှိပြီး မြေသားလမ်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ပေါင်းတည်နယ်စပ် ပေါက်တောရွာနှင့် သဲကုန်း-အဂ္ဂရွာ ဆက်သွယ်ပေးသည့် ဝဲကြီးချောင်းကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှပုံချီတက်ရွာအနီး အရှည် ၄၅ပေ၊ အကျယ်၁၄ပေရှိဆူးပုပ်ချောင်း တံတား တည်ဆောက်ပြီးစီးမှု စစ်ဆေးပြီး ငါးဘတ်ကုန်းရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးထွန်းဝေက ပေါက်ခေါင်းမြို့နယ်မှ အောင်လံမြို့နယ်စပ်ပွိုင့် ၈၇၇အထိ ကျောက်ချောလမ်း ၃၃ မိုင် ဆောင်ရွက်ရန်ရှိသည့်အနက် မိုင်၃၀ကျော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရေပြွန် ၅၂စင်း ဆောင်ရွက်ပြီးစီးကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည်၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် ကုတင်ငါးဆင့်ရွာမှ ကျွန်းတောကြီးရွာ ပွိုင့် ၈၇၇အထိ ကျောက်ချောလမ်း ၁၀မိုင် ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးသည်။

ဆက်လက်၍ ငါးမြွေစင်း ကျေးရွာချောင်းကူးတံတား တည်ဆောက်ရန် လျာထားသည့်နေရာ စစ်ဆေးပြီး တံတားဒီဇိုင်းမှန်ကန်ရေး သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစွာဖြင့် မိုးမကျမီ ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ကျွန်းတောကြီး ရှင်းလင်းဆောင်တွင် ပဲခူးတိုင်း (အနောက်ပိုင်း)နှင့် မကွေးတိုင်းမှ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ရေး တာဝန်ရှိသူများကို တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

## အင်တိုက်အားတိုက်

ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ခရိုင်ချင်းဆက်လမ်း၊ မြေသားလမ်း စုစုပေါင်း မိုင်အရှည် ၁၂၅ မိုင် ၄ဖာလုံရှိပြီး ပြည်ခရိုင်အတွင်း မြေသားလမ်း ၆၉မိုင် ၂ဖာလုံ ဆောင်ရွက်ရန် ရှိသည့်အနက်၆၅မိုင် ၁ဖာလုံ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့် အရှည် ၄မိုင် ၁ဖာလုံအား အချိန်မီ ပြီးစီးရေး စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

မြေသားလမ်းများ ဆောင်ရွက်ပြီးပါက ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်းသိရသည်။**(နယ်စပ်/စည်ပင်)**

# မိုင်းဖြတ်မြို့တွင် ကျောက်ချောလမ်းသစ်ဖွင့် ငွေကျပ် ၁၉ သိန်းကျော် အကုန်အကျခံဆောင်ရွက်

မိုင်းဖြတ် ဧပြီ ၅

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပုန်းညှက်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့ တိုးချဲ့ကွက်သစ် ပုန်းညှက်လမ်း ကျောက်ချောလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပုန်းညှက်လမ်း ကျောက်ချောလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်စိုးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

## ကြည့်ရှုစစ်ဆေး

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်တို့က လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

## ဆောင်ရွက်ခဲ့

အဆိုပါ ပုန်းညှက်ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၃၁၁မ ၅ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

# ကျိုက်လတ်မြို့နယ်တွင် ကျေးလက်ကျောက်ချောလမ်းဖွင့်

**ကျိုက်လတ် ဧပြီ ၂**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၉သိန်းဖြင့် ဖောက်လုပ်ပြီးစီးသော အရှည်ပေ ၃၀၀၀၊ အကျယ် ၁၀ပေရှိ သာယာဝဲ-အရှေ့ဆင်ကူး ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက်က အဆိုပါကျောက်ချောလမ်း မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးမြဝင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်တို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

# ကျေးရွာစက်ရေတွင်းဖွင့်

**ထီးချိုင့် ဧပြီ ၆**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ငါးသိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည့် ကမ်းနီကျေးရွာ နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက ကျင်းပရာ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ် စည်ပင်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

# တံတားပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်

**ပင်လောင်း မတ် ၃၁**

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်က ပင်လောင်းကြီးကျေးရွာနှင့် မင်းဘူးကျေးရွာချင်းဆက် လမ်းပေါ်ရှိ တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဟန်ဝင်းအောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုကို ဧပြီ ၁ရက်က ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်နှင့် ရန်ကုန် မြောက်ပိုင်းခရိုင်ဦးစီးမှူးတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

# သံတွဲမြို့တွင် တိပိဋကဓရ တိပိဋကကောဝိဒအရှင်သူမြတ်များအား ဂုဏ်ပြုပူဇော်

သံတွဲ ဧပြီ ၆

**သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်လေးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို မတ်၃၁ရက်နံနက်၈နာရီက သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ ပုလဲရတနာပရိယတ္တိစာသင်တိုက် ဝိဇယဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။**

ရှေးဦးစွာ ပူဇော်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများက ဗန်းမော်ဆရာတော် ပါမောက္ခဒေါက်တာကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**လျှောက်ထား**

ထို့နောက် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

**ဖတ်ကြားတင်ပြ**

ဆက်လက်၍ဆရာတော် ဦးဣန္ဒာစာရက အခမ်းအနားဖွင့် ဂါထာရွတ်ဖတ်ပူဇော်ပြီး ဆရာတော် အရှင်နာအိန္ဒက တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်များ၏ ထေရုပ္ပတ္တိ ကို ဖတ်ကြားတင်ပြသည်။

ထို့နောက်တေးသံရှင် ဒေါ်နှင်းရည်သန့်က ရတုတေးထပ်ဖြင့် ရွတ်ဖတ်ပူဇော်ပြီးနောက် အပူဇော်ခံ တိပိဋကအရှင်မြတ် လေးပါးတို့အား တစ်ပါးလျှင် နဝကမ္မ အလှူတော်ငွေကျပ်ခြောက်သိန်းစီနှင့် လှူဖွယ်ပစ္စည်းများကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် အဖွဲ့ဝင်များက ဆက်ကပ် လှူဒါန်းကြပြီး ပင့်သံဃာတော် အရှင်မြတ်များကို ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်းမှုအစုစု**

အဆိုပါ ပူဇော်ပွဲတွင် လှူဒါန်းမှုအစုစုတို့၏ တန်းဖိုးမှာ ငွေကျပ်သိန်းသုံးဆယ်ကျော် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဖျာပုံမြို့နယ်စာကြည့်တိုက်အတွက် အလှူငွေပေးအပ်

ဖျာပုံ ဧပြီ ၂

**ဖျာပုံမြို့နယ် ကနီကျေးရွာ ကိုယ့်အားကိုယ်ကိုး သမစိတ္တ စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉နာရီက ကနီကျေးရွာ အောင်မြေချမ်းသာရ ကျောင်းတိုက် မဟာဘုံစံကျောင်း၌ ကျင်းပသည်။**

**ကိုးပါးသီလခံယူ**

ရှေးဦးစွာ ကနီကျေးရွာ အောင်မြေချမ်းသာရ ကျောင်းတိုက် မဟာဘုံစံကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ကိုးပါးသီလခံယူပြီး သြဝါဒခံယူကြသည်။

**အလှူငွေပေးအပ်**

ထို့နောက်စာကြည့်တိုက် အဆောက်အအုံသစ် တည်ဆောက်ရေး အတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာအလှူရှင် ဦးတင်အေး-ဒေါ်စန်းစန်းဝင်း မိသားစု ဖျာပုံက ကျပ်၁၀သိန်း **(အပေါ်ပုံ)** ဦးကျော်ခိုင်-ဒေါ်ဝင်းဝင်းမြတ်မိသားစုက ကျပ်တစ်သိန်း၊ ဦးထွန်းထွန်းထွေး-ဒေါ်လှလှမွန်မိသားစုက ကျပ်တစ်သိန်း၊ သန်လျင်မြို့ ဦးအောင်မြင့်-ဒေါ်စန်းစန်းဝင်းမိသားစုက ကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းခိုင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးအေးကြူတို့က လက်ခံရယူကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာစာရင်းကောက်ပုံစံများ မြို့နယ်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲ သနပ်ပင်မြို့၌ကျင်းပ

သနပ်ပင် ဧပြီ ၈

**ပဲခူးတိုင်း သနပ်ပင်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ စာရင်းကောက်ပုံစံများ မြို့နယ်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၃ရက်က သနပ်ပင် အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။**

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် သနပ်ပင်မြို့နယ် ပညာရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** မင်းရွာအခြေခံ ပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမောင်မောင်တိုး၊ ကမာစဲ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်သီနှင့် အုပ်စုမှူးတို့က ပုံစံများဖြည့်ဆည်းခြင်းကို ရှင်းလင်းပြီး လက်ထောက်ပညာရေးမှူး ဦးခင်မောင်သွင်နှင့် လက်ထောက်ပညာရေးမှူး ဦးစိုးမြင့်တို့က စာရင်းအင်းပုံစံများ ဖြည့်သွင်းရာတွင် သတိပြုရမည့် အချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည့် အချက်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ (၃၄၇)

သန်လျင် အထက(၁)၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် အခြေခံပညာ အလယ်တန်းနှင့်အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၉ ရက်က ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်ကြိုင်က အလယ်တန်းဆင့် ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

## အမြို့မြို့ အနယ်နယ် သတင်းများ


## မြန်မာ့ယဉ်ကျေးမှုသကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြန်ဖြင့် မြှင့်တင်ပါ။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

**မဟာသကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။**

## ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင်တစ်နှစ်

၂။ ကစားသူ - ထောင်သုံးနှစ်

၃။ ထုတ်လုပ်ရောင်းချသူ - ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

## သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

# တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား လှိုင်းဘွဲမြို့နယ်တွင်ကျင်းပ

လှိုင်းဘွဲ ဧပြီ ၅

**လှိုင်းဘွဲမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၂၄ရက် နံနက်၁၀နာရီက လှိုင်းဘွဲမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစောမြမောင် က အမှာစကား ပြောကြားပြီး၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စန်းထွန်းက ကိုယ်တိုင် တိုက်ကျွေး တီဘီဆေး၊ ရှေ့တန်းကထား စေတနာရှင်များ ဆောင်ပုဒ်ကို ရှင်းလင်း ပြောကြားသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် သဝဏ်လွှာကိုဖတ်ကြားပြီး **(ယာပုံ)** ၂၀၀၄ ခုနှစ် စွမ်းဆောင်မှု အကောင်းဆုံး သုံးဦး တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

**(မြို့နယ်/ ပြန်ဆက်)**

မတ်၂၉ရက်က မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်နေ ဦးကျော်သင်း ညွှန်ကြားရေးမှူး(ငြိမ်း) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဇနီးဒေါ်မြသန်း (အလပြ၊ငြိမ်း) မိသားစုက မင်းကွန်းတိပိဋက–နိကာယ ကျောင်းတိုက်ကြီးတွင် သီတင်းသုံးလျက်ရှိကြသော သံဃာတော်များအတွက် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ တိပိဋက–နိကာယ သာသနာပြုအဖွဲ့(မန္တလေး) အတွင်းရေးမှူး ဦးကျော်မြင့်က လက်ခံရယူစဉ်။ (က–ပ)

# ဘိုကလေးမြို့နယ်အတွင်း ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်

ဘိုကလေး ဧပြီ ၅

**ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ အင်းချောင်းများနှင့် ဒီရေတောများအတွင်းသို့ ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မတ်၇ရက်က ဘိုကလေးမြို့နယ် မိန်းမလှကျွန်းနှင့် ပသီကြေးတိုင်အင်း၊ ဘိုးဘကုန်းရေကျော် ကြေးတိုင်အင်းများ၌ ကျင်းပသည်။**

အခမ်းအနားသို့ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့်ဇနီး၊ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးဝင်းမြင့်မောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး အင်းချောင်းများနှင့် ဒီရေတောများအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ၃၂သိန်းကို မျိုးစိုက်ထည့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# သဲအင်းဂူတိုက်ခွဲ(၅)သင်္ကြန်တရားစခန်းဖွင့်မည်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) ၁၆ရပ်ကွက် သဲအင်းဂူတိုက်ခွဲ (၅) သာသနာ့ဒီပ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် မဟာသင်္ကြန်ကာလအတွင်း ငါးရက်တရားစခန်းဖွင့်ပွဲကို ၁၃၆၆ခုနှစ် တန်ခူးလဆန်း၅ရက်မှ ၉ရက် (ဧပြီ၁၃ရက်မှ ၁၇ရက်အထိ) ကျင်းပမည် ဖြစ်သည်။

အဆိုပါတရားစခန်းပွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၆ရပ်ကွက် မင်းဓမ္မလမ်းရှိ သဲအင်းဂူကျောင်းမှ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက သဲအင်းဂူသာသနာပြုအဖွဲ့ ရန်ကင်းမိုးကောင်း ဩဝါဒါစရိယဆရာတော် ဦးမုနိန္ဒ (ကျိုက်ဝိုင်း) ဦးဆောင်သော ဆရာတော်များက ဝိပဿနာ အလုပ်ပေးတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

**ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧပြီ၂ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**(မြို့နယ်စည်ပင်)

**အမှတ် ၂၇ အင်ကြင်းမြိုင်လမ်း သုဝဏ္ဏမြို့နယ်နေ ဒေါ်သန်းကြည် မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အလုပ်အမှုဆောင် ဦးရွှေထိုက်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (မြန်မာ့အလင်း)

**ကန့်ဘလူမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုး ဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်း စစ်ဆေးရာ လုပ်ငန်းအခြေအနေများကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

# အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အရှိန်အဟုန်မြှင့်ဆွေးနွေး

**သီပေါ ဧပြီ ၂**

အဋ္ဌမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အရှိန်အဟုန်မြှင့် ဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသာလှိုင်က အမှာစကား ပြောကြားပြီး ဒေါက်တာစိုင်းကျော်ရှိန်နှင့် ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင် သန့်ရှင်းမှုဆိုင်ရာ သန့်ရှင်းမှု အင်ဂျင်နီယာ ဦးမြင့်ဇော်တို့က အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

**(၃၀၆)**

**မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နတ်မော်ဆိပ်ကမ်း တိုးချဲ့လမ်းသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ကို မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝေထံ မတ် ၁၉ ရက်က လွှဲပြောင်း ပေးအပ်စဉ်။** (မြို့နယ် စည်ပင်)

# မြန်မာ့အသံ

**၁၃–၄–၂၀၀၅(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၀၇း၁၀ ခါသင်္ကြန်တေးများ

**နေ့လယ်ပိုင်း**

၀၉း၃၀ ဟောပြောချက်(ရာမညသင်္ကြန်)
၀၉း၄၅ ခါသင်္ကြန်တေးများ
၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (မွန်ပြည်နယ်မှ ငရုတ်ကောင်း စိုက်ပျိုးရေးလုပ်ငန်း)
၁၁း၃၀ ခါသင်္ကြန်တေးများ
၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (သူငယ်ချင်းကောင်း–ကံချွန်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ကျောက်မျက်ရတနာမြေ– ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၆း၁၀ ခါသင်္ကြန်တေးများ
၁၇း၃၀ အစာနှင့် အာဟာရ (ရွှေရင်အေးနှင့် မုန့်လက်ဆောင်း)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ခိုင်မာချမ်းသာစေ ပညာအမွေ (ချစ်နိုင်–စိတ်ပညာ) (၂)စေတနာစကား–ရသစာစုများ (ကောင်းသန့်)
၁၉း၁၅ အလင်္ကာဝတ်ရည်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ပိတောက်တစ်ခက် ချစ်သက်လက်ဆောင်တေးစီးရီး
၂၀း၃၀ ခါသင်္ကြန်တေးများ

# အမြို့မြို့ အနယ်နယ် သတင်းများ

**မတ် ၅ရက်က တိုက်ကြီးမြို့ သီတာလမ်း ရေစီးရေလာ ကောင်းမွန်ရေး အတွက် စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်းနှင့် ရေနုတ် မြောင်းများ ပြန်လည်တူး ဖော် ခြင်း လုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ
ဗိုလ်မှူးကြီးစောလွင်-ဒေါ်ဝင်းဝင်းမာတို့၏သား
**ဒေါက်တာရဲလွင်မောင် M.B.,B.S (YGN)**
**(လက်ထောက်ဆရာဝန်၊ ပုသိမ်ဆေးရုံကြီး)**
နှင့်
ပုသိမ်မြို့နေ ဦးခင်မောင်-ဒေါ်ခင်ဝင်း
(မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)တို့၏သမီးကြီး
**မခင်မဋ္ဌု M.Sc(Engineering Phys;), M.Res**

တို့သည် ပုသိမ်မြို့နေအိမ်၌ ၇-၄-၂၀၀၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပြီးဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာရဲလွင်မောင်-မခင်မဋ္ဌု။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရှေ့နေချုပ်ရုံး
# ကြေညာချက်

၁။ ဥပဒေအရာရှိအဆင့်-၄ များရွေးချယ်ရေးအတွက် ရေးဖြေစာမေးပွဲကို ၁-၅-၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကရင်၊ ပဲခူး၊ ပဲခူး(အနောက်)၊ တနင်္သာရီ၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီ၊ ပြည်နယ်/တိုင်းအတွင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့တွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း၊ ရှမ်း(အရှေ့)နှင့် ရှမ်း(မြောက်)၊ ပြည်နယ်/တိုင်း အတွင်းမှ လျှောက်ထားသူများသည် မန္တလေးမြို့တွင် လည်းကောင်း ဖြေဆိုကြရပါမည်။

၃။ ဖြေဆိုခွင့်ကတ်ပြားများကို ရှေ့နေချုပ်ရုံး၊ ရန်ကုန်နှင့် ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) တို့တွင် ၂၇-၄-၂၀၀၅ ရက်မှ ၂၉-၄-၂၀၀၅ ရက်အထိ ရုံးချိန်အတွင်း အမျိုးသား မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားများပြသ၍ လူကိုယ်တိုင်လာရောက်ထုတ် ယူကြရပါမည်။

၄။ ခုံအမှတ်၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၂၇-၄-၂၀၀၅ ရက်မှစ၍ ရှေ့နေချုပ်ရုံး၊ ရန်ကုန်နှင့် ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)တို့တွင် ကြေညာထားပါမည်။

**ရှေ့နေချုပ်ရုံး။**

# ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ၂၉လမ်း၊ အမှတ်(၁၄၆)မြေညီထပ်နေ ဦးခင်မောင်လတ် ၁၂/ပဘတ(နိုင်)၀၂၅၃၀၀ (ဦးထွန်းအေးနှင့်သားများ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်လတ်သည် အောက်ဖော်ပြပါ KANTHAL SWEDEN တံဆိပ်အမည် အမှတ်အသားကိုတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ မှတ်ပုံတင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်၄/၂၃၈၁၊ ၄/၂၃၈၂၊ ၄/၂၃၈၃၊ ၄/၂၃၈၄ဖြင့် ၂၃-၃-၂၀၀၅ရက်တွင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

ဦးခင်မောင်လတ်သည် အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားနှင့် ပြည်တွင်းတွင် တီထွင်ထုတ်လုပ်သော KANTHAL SWEDEN ဟူသော စာသားတို့ဖြင့် အဆိုပါတံဆိပ်အမည် အမှတ်အသားများကို မီးဖိုကွိုင်အဖြစ် မိမိ၏မူပိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော တံဆိပ်အမှတ်အသား ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံးအစရှိသည်တို့ကို အသုံးပြု၍ ဖြန့်ချိရောင်းချလျက်ရှိပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်ပင် မီးဖိုကွိုင်အမျိုးမျိုးကို ထုတ်လုပ်ရောင်းချပြီဖြစ်ရာ အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ် တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍လည်းကောင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ မိုင်ငြမ်း တုပ၍လည်းကောင်း၊ ပြုလုပ်သုံးစွဲသူ၊ ထုတ်လုပ်သူ၊ ရောင်းချသူနှင့် ဖြန့်ချိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်ချို(တရားရုံးချုပ်ရှေ့နေ)အမှတ်စဉ်-၂၃၆၈**
**၃၇၀/ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။**

## အမည်ဖြည့်စွက်ခေါ်ပါရန်

အဖဦးလွင်ဆန်း-အမိဒေါ်ရာတီ၏သား ဗိုလ်တထောင် အထက(၅) တက္ကသိုလ် ဝင်တန်းမှ မောင်ထွန်းလင်း ၁၃/မဆတ (ပြု) ၀၀၀၁၀၁အား ယနေ့မှစ၍ မောင်ထွန်းလင်း(ခ)မောင်ထွန်းထွန်း ဟု ဖြည့်စွက်ခေါ်ပါရန်။

**မောင်ထွန်းလင်း(ခ)မောင်ထွန်းထွန်း။**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကြည်ဝင်း ၁၃/တကန(နိုင်) ၁၃၈၅၆၄သည် မိဘကို အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စများကို လုံးဝတာဝန် မယူပါ။

**မလတ်(ချ်)မီးဒေဝီ(ခ)မချို**
**၁၃/တကန(နိုင်) ၁၃၁၀၉၆၊**
**၂၉၊ ဂန္ဓမာလမ်း၊ ရွှေတောင်ရပ်၊**
**တောင်ကြီးမြို့။**

# ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၂၈၃)
## ပဲခူးတိုင်းတရားရုံး၊ တရားမရုံးတော်၌
## ၂၀၀၅ ခုနှစ် တရားမ အသေးအဖွဲ့မှု အမှတ်-၂

ကွယ်လွန်သူ ဦးသိန်းဝင်း၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု။

ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်၊ ပဲခူးလမ်းရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသိန်းဝင်း၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် အုတ်တွင်းမြို့၊ ပဲခူးလမ်း၊ ရပ်ကွက်နေ ဒေါ်ငြိမ်းငြိမ်းအေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၅ ခုနှစ် ဧပြီလ ၁၈ ရက် (၁၃၆၆ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့်၊ ထိုကွယ်လွန်သူ ဦးသိန်းဝင်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၅ ခုနှစ် ဧပြီလ ၁၈ရက် (၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်)နေ့၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ငြိမ်းငြိမ်း အေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၅ခုနှစ် မတ်လ ၃၀ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်စောညွန့်**
**တွဲဖက်တိုင်းတရားသူကြီး**
**ပဲခူးမြို့။**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
## ၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ်-၃၉၀

ဦးတင်ဦး **နှင့်** ၁။ ဒေါ်ကြည်၊ ၂။ ဦးထွန်းငြိမ်း၊ ၃။ ဒေါ်ခင်သိန်း၊ ၄။ မောင်မြငြိမ်း၊ ၅။ မမြမြ၊ ၆။ မောင်စိုးမြင့်၊ ၇။ မခိုင်

**တရားလို** **တရားပြိုင်များ**

အမှတ် ၁၃၉၊ အခန်း ၃ (မြေညီထပ်)၊ ၂၆ လမ်း၊ ၂ ရပ်ကွက်၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်နေ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင်များ သိစေရမည်။

တရားလိုများက သင့်အပေါ်၌ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၅ခုနှစ် ဧပြီလ ၂၈ရက် (၁၃၆၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ခုနှစ် ဧပြီလ ၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**ဒေါ်စုစုဝင်း(တ/၁၉၃၄)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။**



## ရောင်းမည်

**TOYOTA LAND CRUISER JEEP**
**Ph; 540824**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပ/၄၀၂၈ မော်တော်ယာဉ် လက်ဝယ်ရှိသူက(ကမ-၃)ပျောက် မိတ္တူပျောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ရန်ကုန် ခရိုင်ရုံး (အရှေ့ပိုင်း) သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်ခရိုင်ရုံး(အရှေ့ပိုင်း)။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၆၂၂၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (မြိတ်မြို့)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး**
**မြိတ်မြို့(တနင်္သာရီတိုင်း)။**

# သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မဥမ္မာရှိန် နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/အစန(နိုင်) ၀၀၆၀၇၅သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲမှုများဖြစ်အောင် ပြုလုပ်ပြီး ၆-၄-၂၀၀၅ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါ။

**ဖခင်-ဦးအုံးရှိန်**
**၁၂/အစန(နိုင်) ၀၀၆၀၇၆**
**မိခင်-ဒေါ်ကျင်ငွေ**
**၁၂/အစန(နိုင်) ၁၆၅၁၉၉**
**အမှတ်(၁၄၁)မြင့်မိုရ်လမ်း၊**
**ဈေးကုန်းအနောက်၊ အင်းစိန်မြို့နယ်။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏သမီး မမြမြဝင်း ၁၂/ဒဂတ(နိုင်) ၀၅၆၃၇၉သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမှု၍ နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်မယူပါ။

**ဦးစိုးမြင့်(ခ)ဦးလှစိုးဝင်း**
**HGU-၁၁၂၃၆၀**
**ဒေါ်ဝင်းဝင်းအေး**
**၁၂/သဃက(နိုင်)၀၅၀၃၁၁။**

**သုံးခွမြို့နယ် ပုလဲကျေးရွာတွဲဖက် အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်ယူပြီး မြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၁ရက်က ကျောင်း ခန်းမတွင် ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ဝေက ကျောင်းသား တစ်ဦးအား သင်ယူပြီး မြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။**
**(ခရိုင် ပြန်/ဆက်)**

# ဖျာပုံမြို့ မာလာမြိုင်လမ်းတစ်လျှောက် ရေစီးကောင်းမွန်ရန် စုပေါင်းတူးဖော်

**ဖျာပုံ ဧပြီ ၅**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့ဆေးရုံဘေး မာလာမြိုင်လမ်းမ တစ်လျှောက် အလျား ပေ ၃၀၀၀၊ အနံ ၄ပေ၊ အနက် ၂ပေရှိသော ရေမြောင်းကို မိုးရာသီရေစီးရေလာကောင်းမွန်ရန် အတွက် မတ် ၂၀ ရက် နံနက် ၇နာရီက စုပေါင်းတူးဖော် ရှင်းလင်းဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်သည့် နေရာသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေး၊ ဖျာပုံခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး သက်ပိုင်(ငြိမ်း) တို့က လိုက်လံ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**(၁၅၈)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## မီးသတ်ကျင့်ဝတ်

**ရန်ကုန်တိုင်းအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်ကျင့်ဝတ် ရေးဖြေနှင့် နှုတ်ဖြေပြိုင်ပွဲ တိုင်းအဆင့်ရွေးချယ်ပွဲကို ဧပြီ ၇ရက်က အဆင့်သုံးဆင့်ခွဲ၍ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးရုံးတွင် ကျင်းပရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာအောင်ကျော်မြင့်နှင့် ဦးစီးအရာရှိများ ကြည့်ရှုစစ်ဆေးကြစဉ်။**
**(မြို့နယ်မီးသတ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံဘုရင်အား ဂါရဝပြုတွေ့ဆုံ

**ရန်ကုန် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မေ ၈ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်သို့သွားရောက်၍ ကမ္ဘောဒီးယားဘုရင် His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni အား ဂါရဝပြုတွေ့ဆုံသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

**ဂါရဝပြုတွေ့ဆုံ**

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဘုရင့်နန်းတော်တွင် ကမ္ဘောဒီးယားဘုရင် His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni အား ဂါရဝပြုတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ မိမိတို့ပန်းတိုင် ကိုယ်တိုင်ရွေးချယ်ပြီး မရောက်ရောက်အောင်ချီတက်လျက်ရှိ ပြည်ပမှစွပ်စွဲမှုများနှင့် ဟန့်တားနှောင့်ယှက်မှုများမရှိလျှင် ဒီမိုကရေစီပန်းတိုင်သို့ မြန်မြန်ရောက်ရှိမည်

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း**

# မြန်မာနိုင်ငံတွင် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားညီလာခံကျင်းပနေသည်ကိုကြိုဆို ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံဘက်မှ အစဉ်အမြဲ ခိုင်ခိုင်မာမာရပ်တည်လျက်ရှိ

**ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်**

**ရန်ကုန် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မေ ၈ ရက် ညနေ ၃ နာရီ ၃၅ မိနစ်တွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ဖနောင်ပင်မြို့ရှိ ဝန်ကြီးများကောင်စီရုံးသို့ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ကြိုဆိုနှုတ်ဆက်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* *

**မေ ၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဖနောင်ပင်မြို့ Hotel Inter˚-˚Continental ဧည့်ခန်းမ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

**(သတင်း-၈) (သတင်းစဉ်)**

**မဟာသင်္ကြန်ကာလအတွင်း သတင်းစာများ အလှည့်ကျ ထုတ်ဝေမည်**

ရန်ကုန် မေ ၁၁

၁၃၆၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၃ ရက်(မဟာသင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက် (မဟာသင်္ကြန်အကျနေ့)နှင့် ဧပြီ ၁၅ ရက် (မဟာသင်္ကြန်အကြတ်နေ့)တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆ ရက်(မဟာသင်္ကြန်အတက်နေ့)၊ ဧပြီ ၁၇ ရက် ၁၃၆၇ ခုနှစ် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)နှင့် ဧပြီ ၁၈ ရက်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။ (သတင်းစဉ်)